ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှုန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒ ပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 2 October 2019 ၄၇၉၀

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာယူနီကုဒ်စံစနစ် ကူးပြောင်းအသုံးပြုခြင်း အခမ်းအနားသို့ တက်ရောက်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆက်သွယ်ရေးကုမ္ပဏီများမှ ခင်းကျင်းပြသထားသည့် မြန်မာယူနီကုဒ်စံစနစ်ကူးပြောင်းခြင်းဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

**နေပြည်တော် အောက်တိုဘာ ၁**

မြန်မာယူနီကုဒ်စံစနစ် ကူးပြောင်းအသုံးပြုခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ e-Government ဦးဆောင်ကော်မတီနာယက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာဖေမြင့်၊ ဦးမင်းသူ၊ သူရဦးအောင်ကို၊ ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဦးအုန်းဝင်း၊ ဦးဝင်းခိုင်၊ ဒေါက်တာသန်းမြင့်၊ ဒေါက်တာမြင့်ထွေး၊ ဦးစိုးဝင်း၊ ဦးဟန်ဇော်၊ ဦးအုန်းမောင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသိမ်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နာယက၊ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ ရုပ်ရှင်၊ သဘင်နှင့် ဂီတအစည်းအရုံးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

**ကျွန်မတို့ ပြည်သူတစ်ရပ်လုံးယူနီကုဒ်စံစနစ်ကို ဘာကြောင့်ပြောင်းလဲသုံးစွဲဖို့လိုတယ်ဆိုတာ နားလည်သဘောပေါက်ကြမယ်လို့ ယုံကြည်ပါတယ်။ ဘယ်အပြောင်းအလဲမဆို အခက်အခဲတော့ အနည်းနဲ့အများ ကြုံတွေ့ရမှာပါပဲ။ ဒီအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်က ပညာရှင်တွေကလည်း တတ်နိုင်သလောက် ကူညီဖြေရှင်းဆောင်ရွက်ပေးနေပါတယ်**

**ကြေးမုံသတင်းစာတွင် မြန်မာယူနီကုဒ်စံစနစ်ကို အောက်တိုဘာ ၁ ရက်မှ စတင်အသုံးပြု ထုတ်ဝေပါသည်။**



ကြေးမုံ

# လူသားအရင်းအမြစ် ပုံရိပ်သစ်ဖန်တီး

လူငယ်များနှင့် ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်မှုအခန်းကဏ္ဍသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ပုံရိပ်ကို ဖန်တီးရာတွင် အလွန်အရေးကြီးသည့်အတွက် လူငယ်များနှင့် ကလေးများသည် နိုင်ငံ၏တန်ဖိုးမဖြတ်နိုင်သည့် အရင်းအမြစ်များဖြစ်ပါကြောင်း နေပြည်တော်တွင်ကျင်းပသည့် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောကြားခဲ့သည်။

၂၀၁၈ ခုနှစ် နှစ်စဉ်လုပ်သားအင်အားစစ်တမ်းအရ မြန်မာနိုင်ငံတွင် အသက် ၄နှစ်မှ ၁၇ နှစ်အထိ ကလေးဦးရေ ၁၂ ဒသမ ၄ သန်းရှိရာ ၃၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ကလေးအလုပ်သမားဖြစ်ကြပြီး ၂၀ ရာခိုင်နှုန်းကျော်သည် မြို့ပြကလေးအလုပ်သမားများဖြစ်နေကြသည်။ ကလေးအလုပ်သမားများတွင် အများစုသည် မူလတန်းပညာအဆင့်သာ သင်ကြားခဲ့ရပြီး ပညာဆက်လက်သင်ကြားခြင်းမရှိနိုင်သည်ကို တွေ့ရသည်။

ကလေးအလုပ်သမားဖြစ်ရခြင်းအကြောင်းရင်းသည် ဆင်းရဲနွမ်းပါးမှု၊ လူမှုဘဝနိမ့်ကျမှုကြောင့် ပေါ်ပေါက်လာရခြင်းဖြစ်ပြီး ရေရှည်ဖြေရှင်းရမည့် ပြဿနာဖြစ်သည်။ အဆိုပါပြဿနာသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနှင့်သက်ဆိုင်ပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ အလုပ်အကိုင်အခွင့်အလမ်းများကောင်းမွန်ရေး၊ လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးတို့ကို ဖော်ဆောင်နိုင်လျှင် ကလေးလုပ်သားများ လျော့ကျမည်မှန်သော်လည်း မိဘအုပ်ထိန်းသူများဘက်မှ အသိအမြင်မြင့်မားမှုမှာလည်း အရေးပါသည့်အချက်ဖြစ်သည်။

ကလေးအလုပ်သမားပြဿနာသည် မဖွံ့ဖြိုးသောနိုင်ငံ၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဖြစ်ပေါ်လေ့ရှိပြီး မိဘအုပ်ထိန်းသူများ ဝင်ငွေနည်းပါးမှု၊ အလုပ်အကိုင်ရှားပါးမှု၊ ပြည်တွင်းပဋိပက္ခအချို့ကြောင့် ဆင်းရဲနွမ်းပါးမှုနှင့် ရွှေ့ပြောင်းနေထိုင်မှု၊ ရာသီဥတုပြောင်းလဲခြင်းအကျိုးဆက်ကြောင့် ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်ကျရောက်မှု၊ စားနပ်ရိက္ခာမဖူလုံမှု စသည့်အကြောင်းများသည် ကလေးများအား ပညာဆုံးခန်းတိုင်အောင် မသင်စေနိုင်ဘဲ ကလေးလုပ်သားများအဖြစ် တွန်းပို့ဖြစ်သည့် အကြောင်းများဖြစ်လာသည်။

မည်သို့ပင်ဖြစ်စေ နိုင်ငံတော်အစိုးရက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းစီးပွားရေး တိုးတက်ကောင်းမွန်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများဖွံ့ဖြိုးရေးကို အလေးထားအကောင်အထည်ဖော်လျက်ရှိရာ လက်ရှိတွင် မူလအခြေအနေထက် ပိုမိုတိုးတက်ကောင်းမွန်လာသည်ကို တွေ့ရသည်။ ဤသို့အကောင်အထည်ဖော်နေချိန်တွင် မိဘအုပ်ထိန်းသူများနှင့် အလုပ်ရှင်များကလည်း ကလေးငယ်များ၏ အနာဂတ်အရေး၊ တိုင်းပြည်၏ အနာဂတ်အရေးအတွက် ရှေးရှုကြရမည်ဖြစ်သည်။ မိမိတို့၏ အရေးထက် ကလေးငယ်များအရေးကို ဦးစားပေးရမည်ဖြစ်သည်။

လက်ငင်းဘဝပေးအခြေအနေအရ ကလေးငယ်များအား မဖြစ်မနေ အလုပ်လုပ်ကိုင် စေခိုင်းရခြင်းမျိုးဖြစ်လျှင်လည်း ကလေးငယ်များ ပညာသင်ကြားရေးကို လုံးဝဆိတ်သုဉ်းသွားခြင်းမရှိစေဘဲ ကလေးအနာဂတ်အတွက် ပညာသင်ကြားနိုင်မည့်အခွင့်အရေးကို လမ်းဖွင့်ပေးရမည်ဖြစ်သည်။ အလုပ်ရှင်များအနေဖြင့်လည်း မိမိတို့၏အကျိုးစီးပွားဖြစ်ထွန်းရေး၊ လုပ်အားခပေးရမှုသက်သာစေရေး တစ်ခုတည်းကိုမကြည့်ဘဲ မိမိအလုပ်သမားကလေးငယ်များ၏ အနာဂတ်အရေးအတွက် ပညာသင်ကြားနိုင်မည့် အခွင့်အရေးကို ထည့်သွင်းစဉ်းစားပေးကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အတွက် ကလေးအလုပ်သမားများ လျော့နည်းပပျောက်ရေးကို ဆောင်ရွက်ရာတွင် အခက်အခဲများနှင့် နိုင်ငံတကာမှ ထောက်ပြမှုများရှိနေသော်လည်း ကလေးအလုပ်သမားများ လျော့နည်းပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်ကာ ရေရှည်ဆောင်ရွက်နေချိန်တွင် အလုပ်ရှင်နှင့် မိဘအုပ်ထိန်းသူများကလည်း နိုင်ငံတော်နှင့်ကလေးငယ်များ၏ အနာဂတ်အရေးအတွက် တတ်နိုင်သည့်ဘက်မှ အတတ်နိုင်ဆုံး ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကျောင်းနေအရွယ်ကလေးအားလုံး အခမဲ့ပညာသင်ကြားနိုင်ရေး၊ ကလေးသူငယ်များကို ထောက်ပံ့ကူညီမည့် အရပ်ဘက်အဖွဲ့အစည်းများ တိုးပွားရေး၊ အလုပ်လုပ်နိုင်သောအရွယ်များ အလုပ်အကိုင်အခွင့်အလမ်းတိုးပွားရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ပထမအဆင့်အနေဖြင့် အန္တရာယ်ရှိသောအလုပ်အကိုင်များ၊ မသင့်လျော်သောအလုပ်များတွင် ကလေးငယ်များ မလုပ်ကိုင်စေရေးတို့ကို ဟန်ချက်ညီညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ ကလေးများနေခင်ရေး တစ်စတစ်စစိတ်အေးလာမည်ဖြစ်ပါကြောင်း။ ။



## ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၄၄/၂၀၁၉) ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး (၄၄/၂၀၁၉)ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာ မြတ်ဉာဏစိုး၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## ရန်ကုန်-တောင်ငူလမ်းပိုင်းရှိ ရထားလမ်းဘူတာ ၁၀ ခုကို အသစ်တည်ဆောက်မည်

**ရန်ကုန် အောက်တိုဘာ ၁**

ရထားစီး ခရီးသွားပြည်သူများ သွားလာရေး အဆင်ပြေစေရန်အတွက် မိုင်အရှည် ၃၈၅ ဒသမ ၅ မိုင် ရှည်လျားသော ရန်ကုန်-မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်းရှိ ရထားလမ်းပိုင်းစီမံကိန်း (အဆင့်-၁)ဖြစ်သော ရန်ကုန်-တောင်ငူ လမ်းပိုင်းအရှည် ၁၆၆ မိုင်ကို ယနေ့မှစတင်၍ စီမံကိန်းအဆင့်မြှင့်တင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ရာ ရန်ကုန်-တောင်ငူ လမ်းပိုင်းရှိ ရထားလမ်းဘူတာ ၁၀ ခုကို အသစ်ပြန်လည်တည်ဆောက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။



ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းဆောင်ရွက်ပြီးစီးပါက တောင်ငူဘူတာရုံသစ်အား မြင်တွေ့ရမည့် ပုံစံငယ်။

### ညှိနှိုင်းဆောင်ရွက်သွားမည်

ရန်ကုန်-တောင်ငူလမ်းပိုင်းရှိ ပဲခူး၊ ညောင်လေးပင်၊ ဖြူး အပါအဝင် တောင်ငူ-မန္တလေးလမ်းပိုင်းရှိတောင်ငူ၊ ရေတာရှည်၊ ပျဉ်းမနား၊ ရမည်းသင်း၊ သာစည်၊ ကျောက်ဆည်၊ မြို့ဟောင်း ဘူတာများကို အသစ်ပြန်လည်တည်ဆောက်သွားမည်ဖြစ်ပြီး ကျန်ဘူတာ ၈၉ ခုစလုံးကိုလည်း မြန်မာ့မီးရထား၏ အစီအစဉ်ဖြင့် အဆင့်ဆင့်ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘူတာပတ်ဝန်းကျင် နယ်နိမိတ်များတွင် အုတ်ခြံစည်းရိုး ကာရံခြင်းများနှင့် ဘူတာအဝင်လမ်းကောင်းမွန်ရေးတို့အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ Level Crossing များကိုလည်း ပိတ်သိမ်းခြင်း၊ ရှောင်လမ်း၊ ခုံးကျော်တည်ဆောက်ခြင်းများကို သက်ဆိုင်ရာတိုင်းဒေသကြီးအသီးသီးနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘမြင့်က ပြောကြားသည်။

ကားလမ်းခရီးများ ချောမွေ့လာခဲ့ခြင်းကြောင့် မြန်မာ့မီးရထားအနေဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများနှင့် ရထားစွမ်းဆောင်မှုမှာ ၂၀၀၇ ခုနှစ်နောက်ပိုင်းတွင် ကျဆင်းခဲ့ရကြောင်း၊ ၁၉၈၈-၁၉၈၉ ခုနှစ်တွင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများမှာ မြန်မာ့မီးရထား၏ ဝင်ငွေ ၉၅ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ဝင်ငွေ ၉၂ ရာခိုင်နှုန်းသာ ရှိခဲ့ကာ ယခု ၂၀၁၈-၂၀၁၉ တွင် ဝင်ငွေ ၇၄ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သောကြောင့် ရထားလမ်းပိုင်းများအား အမြန်ဆုံးပြုပြင်ဆောင်ရွက်မှသာ မြန်မာ့မီးရထား၏ အဆင့်အတန်း မြင့်မားလာမည်ဖြစ်ကြောင်း၊ ရန်ကုန်-မန္တလေးရထားလမ်းပိုင်းမှာ မြန်မာ့မီးရထားဝင်ငွေ၏ ၅၈ ရာခိုင်နှုန်းကို ဝင်ငွေရှာပေးနေကြောင်းနှင့် လမ်းပိုင်းအဆင့်မြှင့်တင် ဆောင်ရွက်မှသာလျှင် မြန်မာ့မီးရထားမှာ ဆက်လက်ရပ်တည်လာနိုင်မည်ဖြစ်ကြောင်း။

### ရှစ်နာရီသာ ကြာမြင့်မည်

လက်ရှိ ၁၅ နာရီကြာ ပြေးဆွဲပေးနေသော ရန်ကုန်-မန္တလေးရထားတွဲဆိုင်းမှာ တစ်နာရီလျှင် ၃၈ မိုင်နှုန်းဖြင့် ပြေးဆွဲပေးလျက်ရှိပြီး ရန်ကုန်-မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးပါက ရထားပြေးဆွဲချိန်ခရီးစဉ် ရှစ်နာရီသာ ကြာမြင့်မည်ဖြစ်ပြီး တစ်နာရီလျှင် ၆၂ မိုင်နှုန်းဖြင့် ပြေးဆွဲနိုင်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ (သွားလာပို့ဆောင်ရေး) ဦးအောင်မြင့်လှိုင်က ပြောကြားသည်။

နှစ်ပေါင်း ၁၃၃ နှစ်ကြာသက်တမ်းရှိ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းတွင် ပြေးဆွဲနေသော ရထားတွဲဆိုင်းများမှာ ရန်ကုန်၊ ပဲခူး၊ နေပြည်တော်နှင့် မန္တလေး တိုင်းဒေသကြီးတို့ကို ဖြတ်သန်းပြေးဆွဲနေရပြီး မြို့နယ်စုစုပေါင်း ၂၃ မြို့နယ်ကို ဖြတ်သန်းပြေးဆွဲနေရကာ တစ်နိုင်ငံ လုံး၏ ၃၇ ရာခိုင်နှုန်းဖြစ်သော လူဦးရေ သန်း ၂၀ မှာလည်း ယင်းလမ်းတစ်လျှောက်တွင် နေထိုင်လျက်ရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**ပွင့်သစ္စာ**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

* ရှေ့ဖုံးမှ
မြန်မာယူနီကုဒ် စံချိန်စံညွှန်းရေးဆွဲရေးကော်မတီဝင်များ၊ မြန်မာစာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ PROJECT K အဖွဲ့က မြန်မာယူနီကုဒ်သီချင်းဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြပြီး မြန်မာယူနီကုဒ်စံစနစ်ကူးပြောင်းအသုံးပြုရေးဆိုင်ရာ လုပ်ငန်းစဉ်များ မှတ်တမ်းရုပ်သံကို ပြသသည်။

**Send ခလုတ်နှိပ် ဖွင့်လှစ်ပေး**

ယင်းနောက် မြန်မာယူနီကုဒ်စံစနစ် စတင်ကူးပြောင်းခြင်းအထိမ်းအမှတ်အဖြစ် “မြန်မာယူနီကုဒ်စံစနစ် အားလုံးအတူတူကူးပြောင်းကြပါစို့”ဆောင်ပုဒ်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က “မြန်မာ” ဆိုသည့်စာသား၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က “ယူနီကုဒ်” ဆိုသည့်စာသား၊ အမျိုးသားစံချိန်စံညွှန်းကောင်စီအဖွဲ့ဝင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက “စံစနစ်”ဆိုသည့်စာသား၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက “အားလုံး” ဆိုသည့်စာသား၊ မြန်မာစာအဖွဲ့ အဖွဲ့ဝင် ဒေါက်တာမြင့်ကြည်က “အတူတူ”ဆိုသည့်စာသား၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်က “ကူးပြောင်း”ဆိုသည့်စာသား၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နာယက ဦးသိန်းဦးက “ကြပါစို့”ဆိုသည့်စာသားတို့ကို စင်မြင့်ပေါ်ရှိ Tablet များပေါ်တွင် ရေးသားပြီး တစ်ပြိုင်နက်တည်း Send ခလုတ်ကို နှိပ်ကာ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် e-Government ဦးဆောင်ကော်မတီနာယက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောကြားရာတွင် "ဒီအခမ်းအနားဟာ ကျွန်မတို့မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့ e-Government စံစနစ်တစ်ခုလုံး တိုးတက်ကောင်းမွန်ရေးအတွက် မဖြစ်မနေလိုအပ်တဲ့ လုပ်ငန်းတစ်ခု၊ ခြေလှမ်းတစ်ခုဖြစ်ပါတယ်။ e-Government ဆိုတာ အစိုးရဌာနရဲ့ဝန်ဆောင်မှုတွေ ပြည်သူလူထုဆီကို မြန်မြန်ရောက်အောင် အီလက်ထရောနစ်နည်းပညာသုံးပြီး ဆောင်ရွက်တဲ့စံစနစ်ကို ခေါ်တာပါ။ အစိုးရဝန်ကြီးဌာနနဲ့ ၎င်းဌာနရဲ့ အောက်ခြေအဖွဲ့အစည်းတွေအကြား၊ အစိုးရဌာန အချင်းချင်းအကြား၊ အစိုးရနဲ့ စီးပွားရေးလုပ်ငန်းကုမ္ပဏီတွေအကြား၊ အစိုးရနဲ့ ပြည်သူတွေအကြား၊ စီးပွားရေးလုပ်ငန်းအချင်းချင်းအကြား၊ စီးပွားရေးလုပ်ငန်းနဲ့ ပြည်သူတွေအကြား၊ ပြည်သူတွေအချင်းချင်းအကြားတွေမှာ ဆက်သွယ်ရေးစံစနစ်တူဖို့၊ ဘာသာစကားတူဖို့ မဖြစ်မနေ လိုအပ်ပါတယ်။ ယူနီကုဒ်စံစနစ်သုံးခြင်းဟာ အီလက်ထရောနစ် အုပ်ချုပ်မှုစနစ်မဟာဗျူဟာစီမံချက် (e-Governance Master Plan) ရဲ့ အရေးကြီးတဲ့ စံသတ်မှတ်ရေးလုပ်ငန်းစဉ်မှာ ပါဝင်ပါတယ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာယူနီကုဒ်စံစနစ် ကူးပြောင်းအသုံးပြုခြင်းအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။



အစိုးရရဲ့အမိန့်ကြော်ငြာစာက Unicode ကို သုံးရင် Non-Unicode (ဥပမာ-ဇော်ဂျီ) နဲ့ ဖတ်တဲ့သူက ဖတ်လို့မရပါဘူး။ ဥပမာ- လူတစ်ယောက်က ဘဏ်ကို သူ့နာမည်နဲ့ အွန်လိုင်းက ငွေပို့တဲ့အခါ ဘဏ်က Unicode၊ သူက Non-Unicode ဆိုရင် ဖတ်လို့မရပါဘူး။ နာမည်လွဲသွားပါတယ်။ ဒါကြောင့် အားလုံးစံစနစ်တူဖို့လိုပါတယ်။ ဒါမှသာ Online Shopping, Mobile Money, Mobile Health စတဲ့ Online Applications တွေ ကောင်းလာပါမယ်။ e-Visa, e-Passport, e-Ticketing စံစနစ်တွေ ကောင်းလာပါမယ်။ ဒီနေရာမှာ ကျွန်မတို့နိုင်ငံရဲ့ e-Government Development Index က ၂၀၁၆ ခုနှစ်မှာ အဆင့် ၁၆၉ ကနေ ၂၀၁၈ ခုနှစ်မှာ အဆင့် ၁၅၇ ဖြစ်လာတဲ့အတွက် (၁၂)ဆင့် တိုးတက်လာတာကို တွေ့ရှိရပါတယ်။

**ကျွမ်းကျင်မှုအသိပညာတွေလို**

(၁၂)ဆင့် တက်ရတဲ့အကြောင်းကို သုံးသပ်ကြည့်ရင် ၂၀၁၆ ခုနှစ်ကနေ ၂၀၁၈ ခုနှစ်အတွင်း Fibre Cable ကီလိုမီတာ (၄) သောင်းကျော်ခန့် ဖြန့်ခင်းနိုင်ခဲ့ပါတယ်။ မိုဘိုင်းဆက်သွယ်ရေးစခန်းပေါင်း (၁)သောင်းခွဲကျော် တိုးတက်လာပါတယ်။ မိုဘိုင်းဖုန်းသုံးစွဲမှုက သန်း (၅၀) ကျော်ဖြစ်လာပါတယ်။ ဒီဆက်သွယ်ရေးကဏ္ဍညွှန်းကိန်း တိုးတက်မှုကြောင့် အဆင့်တက်လာတယ်လို့ သိရပါတယ်။ ဒါပေမယ့် အိမ်နီးချင်းနိုင်ငံတွေနဲ့စာရင် အဆင့်နောက်ကျနေပါသေးတယ်။ နောက်ကျရတဲ့ အကြောင်းအရင်းက Online Applications (အသုံးချဝန်ဆောင်မှု) တွေ နည်းနေသေးလို့၊ လူတွေရဲ့ကျွမ်းကျင်မှု အသိပညာတွေ လိုနေသေးတာကြောင့်လို့ ပြောကြပါတယ်။

ပိုပြီးအဓိကကျတဲ့အကြောင်းရင်းက ယူနီကုဒ်ကို တစ်နိုင်ငံလုံးသုံးစွဲဖို့ နောက်ကျနေတဲ့အချက်ပါပဲ။ အိမ်နီးချင်းနိုင်ငံတွေထဲက ကျွန်မတို့ရှေ့က အနီးဆုံးယူနီကုဒ်သုံးခဲ့တဲ့နိုင်ငံ ကမ္ဘောဒီးယားတောင် ၂၀၁၀ ကတည်းက စသုံးခဲ့တာပါ။

ယူနီကုဒ်ရဲ့အားသာချက်တွေကတော့ အများကြီးပါပဲ။ နိုင်ငံတကာစံနဲ့လည်း ကိုက်ညီပြီး မြန်မာစာရေးထုံးနဲ့လည်း ညီညွတ်ပါတယ်။ အမျိုးသားစံချိန်စံညွှန်းကောင်စီက မြန်မာနိုင်ငံ စံချိန်စံညွှန်းအဖြစ် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁) ရက်နေ့မှာ MMS ISO/IEC 10646:2017 ဖြင့် သတ်မှတ်ထားရှိပြီးလည်း ဖြစ်ပါတယ်။ အရင်တုန်းက လက်နှိပ်စက်ရိုက်သလို ရရစ်ကို အရင်ရိုက်ပြီး ရရစ် (၃)မျိုးထဲက တစ်မျိုးရွေးရ၊ တစ်ချောင်းငင် (၂) မျိုးထဲက တစ်မျိုးရွေးရ၊ ဒါတွေမရှိတော့ပါဘူး။ မြန်မာစာရေးတတ်ရင် ယူနီကုဒ်ကို သုံးတတ်တာပါပဲ။

**ပြည်ထောင်စုလို့ နာမည်ပေးထား**

**ဒါပေမယ့် နည်းနည်းအခက်အခဲရှိတယ်ဆိုတာ ကျွန်မပြောချင်ပါတယ်။ စောစောတုန်းက ကျွန်မ မြန်မာလို့ရေးတယ်။ မြန်မာလို့ရေးတာမှာ “မ”ရေးချကို ဆက်ပြီးရေးလိုက်တယ်။ အဲဒီမှာ ရေးချမဖြစ်ဘဲနဲ့ ဝဆွဲဖြစ်သွားတယ်။ ယူနီကုဒ်ကပဲ နှေးလို့လား ကျွန်မတို့ကပဲ မြန်နေလို့လား တော့ မသိပါဘူး။ အဲဒါတွေကတော့ သတိထားရလိမ့်မယ်လို့ ကျွန်မအနေနဲ့ ကိုယ့်ရဲ့အတွေ့အကြုံအရ ပြောချင်ပါတယ်။**

အကောင်းဆုံးအချက်က ယူနီကုဒ်စံစနစ်ကိုသုံးတဲ့အတွက် ကျွန်မတို့ တိုင်းရင်းသားဘာသာစကားတွေဖြစ်တဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းဘာသာတွေပါ သုံးစွဲနိုင်လာပါတယ်။ စံစနစ်က ယူနီကုဒ်ဖြစ်ပြီး font ကိုတော့ ပြည်ထောင်စုလို့ နာမည်ပေးထားတာ ဒါကြောင့်ပါပဲ။

အားသာချက်နောက်တစ်ခုက ယူနီကုဒ်က နိုင်ငံတကာစံဖြစ်တဲ့အတွက် မြန်မာဘာသာနဲ့ရေးတာကို ကျန်တဲ့နိုင်ငံခြားဘာသာတွေနဲ့ ဘာသာပြန်ပြီး ဖတ်လို့ရပါတယ်။

**စာမျက်နှာ ၄ သို့ ***




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နာယကနှင့် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

* စာမျက်နှာ ၃ မှ
နိုင်ငံခြားဘာသာစကားတွေကိုလည်း မြန်မာဘာသာပြန်လို့ ရပါတယ်။ Google Translate ဆိုတဲ့ ဆော့ဝဲတော့ပါရမှာပေါ့။ ပြီးတော့ ကွန်ပျူတာ၊ မိုဘိုင်းဖုန်း၊ Tablet၊ iPAD စတဲ့ ကိုယ်ရေးအထောက်အကူပြုကိရိယာ (Personal Assistant Device (PAD)) များသုံးစွဲတဲ့အခါ ကိုယ်ကလက်ရေးနဲ့ရေးထားရင် သူက ပုံနှိပ်စာလုံးပြောင်းပြီး ရေးပေးပါတယ်။ အသုံးချစရာတွေ အများကြီးသုံးနိုင်ပါတယ်။ အသံနဲ့ပြောလိုက်ရင် အဲဒီအသံထွက်အတိုင်း စာရိုက်ပေးနိုင်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် စာမရေးနိုင်၊ မရိုက်နိုင်ခဲ့ရင် အသံနဲ့စာရေးခိုင်းလို့ ရပါတယ်။ Google က G-Board ကိုတော့ သုံးရမှာဖြစ်ပါတယ်။

**စည်းရုံးလှုံ့ဆော်**

ကျွန်မတို့ပြည်သူတစ်ရပ်လုံး ယူနီကုဒ်စံစနစ်ကို ဘာကြောင့်ပြောင်းလဲသုံးစွဲဖို့လိုတယ်ဆိုတာ နားလည်သဘောပေါက်ကြမယ်လို့ ယုံကြည်ပါတယ်။ ဘယ်အပြောင်းအလဲမဆို အခက်အခဲတော့ အနည်းနဲ့အများ ကြုံတွေ့ရမှာပါပဲ။ ဒီအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်က ပညာရှင်တွေကလည်း တတ်နိုင်သလောက် ကူညီဖြေရှင်းဆောင်ရွက်ပေးနေပါတယ်။ ဆက်သွယ်ရေးကုမ္ပဏီတွေ၊ မိုဘိုင်းဖုန်းထုတ်လုပ် တင်သွင်းရောင်းချသူတွေအားလုံးကလည်း ဝိုင်းဝန်းကူညီပေးနေကြပါတယ်။ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်စတဲ့ အနုပညာရှင်တွေ၊ ထင်ပေါ်ကျော်ကြားသူတွေကလည်း သံတမန်အနေနဲ့ အသိပညာပေး စည်းရုံးလှုံ့ဆော်ပေးလျက်ရှိကြပါတယ်။

အခက်အခဲတွေကို အောင်အောင်မြင်မြင် ပူးပေါင်းဖြေရှင်းနိုင်ကြမယ်လို့ ကျွန်မယုံကြည်ပါတယ်။ ကျွန်မတို့ရဲ့အီလက်ထရောနစ်အုပ်ချုပ်မှုစနစ် မဟာဗျူဟာစီမံချက် (e-Governance Master Plan) မှာရေးဆွဲထားတဲ့ မျှော်မှန်းချက်အတိုင်း ကွန်ပျူတာသုံးစွဲသူမှန်သမျှ၊ မိုဘိုင်းဖုန်းသုံးစွဲသူမှန်သမျှ ယူနီကုဒ်သုံးစွဲကြမယ်ဆိုရင် အစိုးရ၊ လုပ်ငန်းကုမ္ပဏီ၊ ပြည်သူတွေအကြား ဆက်သွယ်ရလွယ်ကူသွားမယ်၊ ဝန်ဆောင်မှုတွေပိုကောင်းသွားမယ်။ ဒါကြောင့် ဒီလုပ်ငန်း၊ ဒီခြေလှမ်း၊ ဒီအရွေ့ကို တစ်ယောက်မကျန် လိုက်ပါဆောင်ရွက်ကြပါလို့ ပရိသတ်ကြီးနဲ့အတူ ပြည်သူလူထုအားလုံးကို နှိုးဆော်တိုက်တွန်းအပ်ပါတယ်”ဟုပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အောက်တိုဘာ ၁ ရက်က စတင်ပြီး မြန်မာယူနီကုဒ်စံစနစ်သို့ တညီတညွတ်တည်း ကူးပြောင်းသုံးစွဲကြရန် တိုက်တွန်းထားသည့် ရုပ်သံဖိုင်ကိုပြသသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နာယကနှင့် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးဥက္ကဋ္ဌတို့သည် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်လည်းကောင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ အလုပ်အမှုဆောင်များ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးများမှ သံတမန်များ၊ ယူနီကုဒ်သံတမန်များ၊ Myanmar Unicode Area အဖွဲ့မှကိုယ်စားလှယ်များ၊ မြန်မာယူနီကုဒ်စနစ်ရရှိရေး ကြိုးပမ်းဆောင်ရွက်ခဲ့သူများနှင့်လည်းကောင်း စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက်နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အခမ်းအနားသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ဧည့်ကြိုဆောင် မြေညီထပ်၌ ဆက်သွယ်ရေးကုမ္ပဏီများမှ ခင်းကျင်းပြသထားသည့် မြန်မာယူနီကုဒ်စံစနစ် ကူးပြောင်းခြင်းဆိုင်ရာ ပြခန်းများအား လှည့်လည်ကြည့်ရှုသည်။

**တိုက်တွန်း**

ယင်းနောက် အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ e-Government ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် e-Governmentလုပ်ငန်းများဆောင်ရွက်နေမှုနှင့် e-Government လုပ်ငန်းများအောင်မြင်ရန် တစ်နိုင်ငံလုံး မြန်မာယူနီကုဒ်စနစ်တစ်ခုတည်း အသုံးပြုကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်က ကျေးဇူးတင်စကားပြောကြားပြီး မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာထွန်းသူရသက်က ယူနီကုဒ်ကူးပြောင်းရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ဒုတိယဝန်ကြီးများက မြန်မာယူနီကုဒ်စံစနစ် ကူးပြောင်းအသုံးပြုရေး လုပ်ငန်းစဉ်များအတွက် ပံ့ပိုးကူညီပေးခဲ့ကြသူများအား မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည် ၊ ရာထူး ၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာ အောင်ဝင်း<br>ဒုတိယပါမောက္ခချုပ်<br>မြစ်ကြီးနားတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မြစ်ကြီးနားတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာစိုးစိုးခိုင်<br>ဒုတိယပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ် (မုံရွာ)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ကွန်ပျူတာ<br>တက္ကသိုလ်(မုံရွာ)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

## ○ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့မှ

အခမ်းအနား၌ ဒုတိယသမ္မတ ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်း ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လာခဲ့ရာ ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်တွင် “ပြည်သူ့ရဲတပ်ဖွဲ့”ဟု ခေါ်ဝေါ်သတ်မှတ်ခဲ့ပါကြောင်း၊ ထိုနေ့ကို “ ရဲတပ်ဖွဲ့နေ့”ဟု စတင်သတ်မှတ်ခဲ့ပြီး ၁၉၉၅ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် လက်ရှိခေါ်ဝေါ်နေသည့် “မြန်မာနိုင်ငံရဲတပ်ဖွဲ့” ဟု ပြောင်းလဲသတ်မှတ်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် "သစ္စာ၊ သမာဓိ၊ သတ္တိ "တို့ကို ဦးထိပ်ပန်ဆင်ထားသည်ဟူသော ဆောင်ပုဒ်နှင့်အညီ ပြည်သူ့အကျိုးစီးပွားကို ပိုမိုဆောင်ကြဉ်းနိုင်သည့် ရဲတပ်ဖွဲ့ဖြစ်လာစေရေးအတွက် အသွင်သဏ္ဌာန်ရော၊ အနှစ်သာရပါ ပြောင်းလဲလာရန် နှစ်အလိုက် အစီအမံများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုဆိုရင် ( ၅၅ ) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့သို့ ရောက်ရှိခဲ့ပြီဖြစ်ပါကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ခေတ်အဆက်ဆက်တွင် “ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းဆောင်ရွက်ရေး”ဟူသည့် ရည်မှန်းချက်တာဝန် (၄)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

**ကဏ္ဍပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်**

ယနေ့ကြုံတွေ့နေရသည့် အကြမ်းဖက်မှုများ အပါအဝင် မျိုးစုံသောမှုခင်းများကိုကြည့်လျှင် မှုခင်းဖြစ်ပွားမှုများပြားခြင်း၊ လျော့နည်းခြင်းဆိုသည့် အကြောင်းတရားများသည် ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည့် လူမှုရေးပြဿနာ၊ ပညာရေးနိမ့်ကျမှုပြဿနာ၊ စီးပွားရေးဆိုင်ရာပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာများနှင့် ဆက်နွှယ်နေခြင်းဖြစ်သည့်အတွက် လက်ရှိကျင့်သုံးနေသည့် ဥပဒေများနှင့် တရားစီရင်ရေးစနစ်တို့အပေါ်တွင်သာ မှီခိုအားထားခြင်းတစ်ခုတည်းနှင့် မလုံလောက်တော့ဘဲ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ တရားစီရင်ရေးကဏ္ဍ အပါအဝင်၊ ဝန်ကြီးဌာနများ၊ မီဒီယာများ၊ အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၊ လူထုလူတန်းစား အဖွဲ့အစည်းအသီးသီးအနေဖြင့်လည်း ကဏ္ဍပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်ရေးသည် အထူးအရေးကြီးပါကြောင်း။

ထို့အပြင် ကမ္ဘာတစ်ဝန်း၌လည်း သမားရိုးကျနှင့် သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုင်ရာ ပြဿနာများ ရင်ဆိုင်နေရပြီး နိုင်ငံဖြတ်ကျော်မှုခင်းများသည် အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်ခုတည်းဖြင့် ဖြေရှင်းနိုင်သည့် ပြဿနာမဟုတ်တော့ဘဲ ဒေသတွင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရမည့် မှုခင်းပြဿနာမျိုးများ ဖြစ်လာပါကြောင်း၊ ထို့ကြောင့် ကုလသမဂ္ဂ၏ မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ သဘောတရား(၈)ချက်နှင့်အညီ “မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ မဟာဗျူဟာ (၂၀၁၈-၂၀၂၀)” ကို၂၀၁၉ ခုနှစ် မတ်လ ၁၅ ရက်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး အဆိုပါ မဟာဗျူဟာလုပ်ငန်းစဉ်များနှင့်အညီ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်များတွင် လုပ်ငန်းစီမံချက်များ ရေးဆွဲပြီး ဟန်ချက်ညီစွာ အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။




ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုဝန်ကြီးများနှင့် (၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

**ချဉ်းကပ်မှု ပုံစံအမျိုးမျိုး**

ယနေ့ နိုင်ငံတကာတွင် မူးယစ်ဆေးဝါးပြဿနာကို ကိုင်တွယ်ဖြေရှင်းကြရာ၌ နောက်ခံသမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် အရင်းအမြစ်ပိုင်ဆိုင်မှု၊ တည်နေရာနှင့် ပထဝီမြေအနေအထားတို့အပေါ် အခြေခံ၍ ချဉ်းကပ်မှုပုံစံအမျိုးမျိုးဖြင့် ကြိုးပမ်းထိန်းသိမ်းဆောင်ရွက်နေကြသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံ၌လည်း မူးယစ်ဆေးဝါးပြဿနာကို ကမ္ဘာ့နိုင်ငံများနည်းတူ နှစ်ကာလကြာရှည်စွာ ခံစားခဲ့ရသဖြင့် နိုင်ငံတော်အစိုးရအဆက်ဆက်သည် မူးယစ်ဆေးဝါးအန္တရာယ်ပပျောက်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

မူးယစ်ဆေးဝါးပြဿနာသည် ပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေးနှင့် အခြေခံစီးပွားရေးတို့ကို ထိခိုက်ပျက်စီးစေပြီး နိုင်ငံအတွင်း အကြမ်းဖက်မှု၊ ငွေကြေးခဝါချမှု၊ တရားမဝင် ငွေကြေးစီးဆင်းမှု၊ အဂတိလိုက်စားမှု၊ အကျင့်ပျက်ခြစားမှုများနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများကို ဖြစ်ပေါ်စေသကဲ့သို့ တစ်ဖက်တွင်လည်း မူးယစ်ဆေးဝါးက ရရှိလာသည့်ငွေကြေးများကြောင့် လက်နက်ကိုင်တိုက်ခိုက်မှု၊ အကြမ်းဖက်တိုက်ခိုက်မှုများကိုပါ ဆက်စပ်ဖြစ်ပေါ်စေခဲ့ပါကြောင်း။

**ကြီးမားကျယ်ပြန့်လာနေ**

မြန်မာနိုင်ငံအနေဖြင့်၂၀၁၇ ခုနှစ်နှင့်၂၀၁၈ ခုနှစ် စာရင်းများအရ ဘိန်းစိုက်ပျိုးမှုနှင့် ထုတ်လုပ်မှုတို့တွင် လျော့နည်းခဲ့သည်ကို တွေ့ရှိရသော်လည်း ခေတ်မီဓာတုပစ္စည်းများနှင့်ပေါင်းစပ်ထားသည့် စိတ်ပြောင်းဆေးဝါးအသစ်များကို လွယ်လွယ်ကူကူရရှိနိုင်မှု၏ အကျိုးဆက်ကြောင့် သုံးစွဲမှုနှင့် ဝယ်လိုအားမြင့်မားလာပြီး မူးယစ်ဆေးဝါးပြဿနာ ကြီးမားကျယ်ပြန့်လာနေသည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း “မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”ကို၂၀၁၈ ခုနှစ် ဇွန်လ ၂၂ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ပြည်သူများပေးပို့လာသည့် တိုင်ကြားစာ သတင်းအချက်အလက်များအရ ဖော်ထုတ်ဖမ်းဆီး အရေးယူလျက်ရှိရာ အတန်အသင့်ထိရောက်မှုရှိပြီး အဓိကအရင်းအမြစ်များကိုလည်း ဖော်ထုတ်ဖမ်းဆီးမှုများ ပြုလုပ်နိုင်ခဲ့ပါကြောင်း၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် အထူးစစ်ဆင်ရေး၂၅ ခုကို တပ်မတော်နှင့်ပူးပေါင်းဆောင်ရွက်ခဲ့သောကြောင့် ဘိန်းဖြူအပါအဝင် မူးယစ်ဆေးဝါး အမြောက်အမြားကို ဖော်ထုတ်အရေးယူနိုင်ခဲ့ပါကြောင်း။

**တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်**

မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းရာတွင် ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် “မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးဥပဒေနှင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒ”အသစ်ကို၂၀၁၈ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထိုမူဝါဒကို အကောင်အထည်ဖော်မည့် “ အမျိုးသားမဟာဗျူဟာစီမံချက် ” တစ်ခုရေးဆွဲပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် မူးယစ်ဆေးဝါးထိန်းချုပ်ရေးအတွက် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ဒေသအတွင်း အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

**အကောင်အထည်ဖော်ဆောင်ရွက်**

မြန်မာနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေးကို ၁၉၉၇ ခုနှစ်မှစတင်၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်တိုက်ဖျက်လာခဲ့ရာ ယခုဆိုလျှင် နှစ်ပေါင်း (၂၀) ကျော်ခဲ့ပြီ ဖြစ်ပါကြောင်း၊ အဆိုပါ ကာလအတွင်းမှာ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဖွဲ့စည်းနိုင်ခြင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဖွဲ့စည်းနိုင်ခြင်း၊ ကုလသမဂ္ဂနှင့် အာဆီယံဆိုင်ရာ လူကုန်ကူးမှုတိုက်ဖျက်ရေးစာချုပ်စာတမ်းများတွင် အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးနိုင်ခြင်း၊ နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊

စာမျက်နှာ ၅ သို့ ❒

❒ စာမျက်နှာ ၄ မှ

လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ်စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခု ဆောင်ရွက်နေသည့် ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ တတိယ (၅)နှစ်စီမံကိန်း၌ "မူဝါဒနှင့်ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင်ကာကွယ်ရေး၊ တရားစွဲဆိုရေး၊ ကာကွယ်စောင့်ရှောက်ရေး"စသည့် ကဏ္ဍလေးရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံသည် အင်တာပိုလ်အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်ပြီး အင်တာပိုလ်အတွင်းရေးမှူးချုပ်ရုံးနှင့် အဖွဲ့ဝင်နိုင်ငံများအတွင်း နိုင်ငံတကာ ရဲလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ မှုခင်းပိုင်းဆိုင်ရာ သတင်းအချက်အလက်ဖလှယ်မှုများအပြင် နိုင်ငံဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းစဉ်များအလိုက် အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ သင်တန်းများနှင့် မှုခင်းတားဆီးနှိမ်နင်းရေး စစ်ဆင်ရေးများကိုလည်း အတူတကွပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

**ပူးပေါင်းဆောင်ရွက်**

အလားတူ အာဆီယံအမျိုးသားရဲအဖွဲ့၊ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများအနေဖြင့် နှစ်စဉ်ပြုလုပ်သည့် "အာဆီယံအမျိုးသားရဲအဖွဲ့ရဲချုပ်များညီလာခံ" ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပုံမှန်တက်ရောက်လျက်ရှိပြီး တရားမဝင် မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ အကြမ်းဖက်မှု၊ လက်နက်မှောင်ခိုမှု၊ လူကုန်ကူးမှု၊ တောရိုင်းတိရစ္ဆာန်မှုခင်းများ၊ ပင်လယ်ရေကြောင်းလိမ်လည်မှု၊ စီးပွားရေးမှုခင်း၊ ဘဏ်နှင့် အကြွေးဝယ်ကတ်လိမ်လည်မှုများ၊ ဆိုက်ဘာ/ကွန်ပျူတာမှုခင်း၊ ခရီးသွားအထောက်အထားများ အတုပြုလုပ်မှု၊ နိုင်ငံဖြတ်ကျော်လိမ်လည်မှု စသည့်မှုခင်းကိစ္စရပ်များ၊ အာဆီယံရဲအဖွဲ့ သတင်းအချက်အလက်ထိန်းသိမ်းမှုစနစ်တိုးတက်ရေး၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များမှာ နိုင်ငံအချင်းချင်း အပြန်အလှန်အကူအညီပေးရေး၊ အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများအကြား အမှုကြီးများစီမံခန့်ခွဲမှုနှင့် မှုခင်းစုံစမ်းစစ်ဆေးရေးသင်တန်းများဖလှယ်ရေး၊ အာဆီယံရဲအဖွဲ့မှုခင်းစုံစမ်းစစ်ဆေးမှုကွန်ရက် တည်ထောင်ရေးတို့နှင့်ပတ်သက်သည့် နယ်ပယ်များတွင်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

အရည်အသွေးပြည့်ဝသည့် ရဲတပ်ဖွဲ့ဝင်များဖြစ်လာရန်အတွက် ရဲတပ်ဖွဲ့ဝင်များကို ပြည်တွင်း/ ပြည်ပ အလုပ်ရုံဆွေးနွေးပွဲများ၊ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများ စေလွှတ်လျက်ရှိပြီး တပ်ဖွဲ့ဝင်များအနေဖြင့် ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းစွမ်းရည်များ မြင့်မားလာစေရုံသာမက နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ရဲတပ်ဖွဲ့ဝင်များဖြစ်စေရန် ရည်မှန်းချက်ထား ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

**အဆင့်မြှင့်တင်တိုးချဲ့ဖွဲ့စည်း**

မျက်မှောက်ခေတ်တွင် အင်တာနက်လူမှုကွန်ရက်များ၌ ဖြစ်ပွားနေသည့် အသရေဖျက်မှု၊ ငွေကြေးလိမ်လည်မှု၊ သတင်းအချက်အလက်ခိုးယူမှု၊ ခြိမ်းခြောက်မှုများကို ကြိုတင်ကာကွယ်တားဆီးခြင်းနှင့် ဖော်ထုတ်အရေးယူနိုင်သည့် "Cyber Crime Unit" ကိုလည်း ထည့်သွင်းတိုးချဲ့ဖွဲ့စည်းခဲ့ပါကြောင်း၊ ထို့အပြင် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့၊ အာဆီယံရဲအဖွဲ့များနှင့် ဆက်ဆံမှုနယ်ပယ်ပိုမိုကျယ်ပြန့်လာသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖွဲ့စည်းပုံကို ခေတ်ကာလနှင့်အညီ အဆင့်မြှင့်တင် တိုးချဲ့ဖွဲ့စည်းခဲ့ပါကြောင်း။

တပ်ဖွဲ့ဝင်များ၏ တာဝန်ထမ်းဆောင်မှုအပေါ် စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဂုဏ်ပြုဆုတံဆိပ်များကို နှစ်စဉ်နှစ်တိုင်း စိစစ်ချီးမြှင့်ပေးလျက်ရှိသည့်အတွက် တပ်ဖွဲ့ဝင်များ၏ စိတ်ဓာတ်မြှင့်တင်ရေးကိုပါ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မိမိတို့ကျရာကဏ္ဍတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ရင်း အသက်ပေးလှူ၊ ကိုယ်အင်္ဂါစွန့်လှူသွားခဲ့ရသည့် ရဲတပ်ဖွဲ့ဝင်များ၏ ဇွဲ၊ လုံ့လ၊ စိတ်ဓာတ်နှင့် ကြိုးပမ်းမှုများအပေါ် အသိအမှတ်ပြုကြရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် "မျိုးချစ်စိတ်ရှိရမည်၊ စွမ်းရည်ပြည့်ဝရမည်၊ ခေတ်မီရမည်" ဆိုသည့် မျှော်မှန်းချက်များနှင့်အညီ ရဲတပ်ဖွဲ့ကို တည်ဆောက်ရာတွင် ဖွဲ့စည်းပုံတိုးချဲ့ပြင်ဆင်မှု၊ ခေတ်မီပစ္စည်းကိရိယာများ၊ လုံခြုံရေးအသုံးအဆောင်များ စသည်တို့ကို ခေတ်ကာလနှင့်လျော်ညီအောင် နိုင်ငံတော်က တိုးမြှင့်ဖြည့်ဆည်းပေးမှုများ ဆောင်ရွက်နေသကဲ့သို့ အဖွဲ့အစည်းကောင်းတစ်ခု၏ အနှစ်သာရဖြစ်သည့် "စိတ်ဓာတ်ကောင်းမွန်ရန်၊ စွမ်းရည်ပြည့်ဝရန်" ဆိုသည်များကို တပ်ဖွဲ့ဝင်တစ်ဦးချင်းစီတိုင်းအနေဖြင့် စဉ်ဆက်မပြတ် ဆက်လက်ခံယူလေ့ကျင့်နေကြရမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထု၏ လေးစားယုံကြည်မှု ပိုမိုရရှိစေရေးအတွက် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် အဂတိတရားကင်းရှင်းကြရမည့်အပြင် တပ်ဖွဲ့က ချမှတ်ထားတဲ့ ရဲစည်းကမ်း၊ ရဲကျင့်ဝတ်များကိုလည်း လိုက်နာစောင့်ထိန်းပြီး လူမှုအဖွဲ့အစည်းတစ်ရပ်လုံးကိုလည်း ဥပဒေနှင့်အညီ လုံခြုံအောင် အကာအကွယ်ပေးစောင့်ရှောက်သွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

**ပိုမိုဖော်ထုတ်တားဆီး**

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ပြည်သူများကို ဥပဒေရေးရာ၊ မှုခင်းဆိုင်ရာတို့နှင့်စပ်လျဉ်းသည့် ဆင့်ပွားအသိပညာပေးခြင်းတို့ကို အလေးထားဆောင်ရွက်နေသကဲ့သို့ ပြည်သူများအနေဖြင့်လည်း သွယ်ဝိုက်၍ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ သတင်းပေးခြင်း၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လာခြင်းတို့ဖြင့် မှုခင်းများကို ပိုမိုဖော်ထုတ်တားဆီးအရေးယူနိုင်မည်ကို သတိချပ်ရမည်ဖြစ်ပါကြောင်း။

ထို့ပြင် မိမိတို့ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ နေ့စဉ်လုပ်ငန်းဆောင်ရွက်ချက်များ ကောင်းမွန်မှု၊ မှုခင်းဖြစ်ပွားမှုအခြေအနေများကို ထိရောက်စွာ ထိန်းချုပ်နိုင်မှုနှင့် ပြည်သူတို့၏ လိုလားချက်များအပေါ် တရားဥပဒေနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်နိုင်မှု စသည့်အခြေအနေများကို ပွင့်လင်းမြင်သာစွာဖြင့် ပြည်သူလူထုထံသို့ မှန်ကန်သည့် သတင်းအချက်အလက်များ ပို့ဆောင်နိုင်ခြင်းနှင့် မှုခင်းနှင့်သက်ဆိုင်သည့် အကြောက်တရားများ လျှော့ချပေးနိုင်ရေးဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အဆင့်အတန်းအားလုံးသည် မိမိတို့၏ လုပ်ပိုင်ခွင့်များ၊ လုပ်ငန်းကျွမ်းကျင်မှုများနှင့်အတူ ဥပဒေကို ကိုင်တွယ်အသုံးပြုရာတွင် ပွင့်လင်းမြင်သာပြီး တာဝန်ယူမှု၊ တာဝန်ခံမှု ပြုနိုင်သည့် ရဲတပ်ဖွဲ့ဝင်ကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ပြည်သူလူထု၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရာတွင် ရဲလုပ်ငန်းကျွမ်းကျင်မှု၊ ရိုးသားဖြောင့်မတ်မှု၊ သမာသမတ်ရှိမှုတို့ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးကို ရည်မှန်းချက်ထား၍ နိုင်ငံတော်နှင့်ပြည်သူကို အကျိုးပြုရသည့် မိမိတို့အလုပ်တာဝန်များကို တန်ဖိုးထားဂုဏ်ယူစွာဖြင့် အစဉ်ကြိုးပမ်းလုပ်ဆောင်သွားကြပါဟု တိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက DNA ကျွမ်းကျင်ပညာရှင် ဒေါက်တာနေဝင်းနှင့် ရဲမှူးချုပ်ဝင်းခေါင် (အငြိမ်းစား)တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပြီး စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ရဲအုပ်မောင်မောင်သူရစိုး၊ ဒုတိယရဲအုပ်တင့်နိုင်ထွန်းနှင့် ဒုတိယရဲအုပ်အောင်ကျော်မင်းတို့အား တစ်ဆင့်မြင့်ရာထူးပေးအပ်ချီးမြှင့်သည်။

**အဆင့်တိုးမြှင့်ပေးအပ်ချီးမြှင့်**

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးအောင်ဝင်းဦးက စံပြရဲဆုရရှိသူတပ်ဖွဲ့ဝင် ငါးဦးတို့အား ဆုတံဆိပ်များ၊ စံပြရဲစလွယ်နှင့် အဆင့်တိုးမြှင့်ပေးအပ်ချီးမြှင့်သည်။

ထို့နောက် (၅၅) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် Video Clip ပြသသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်နှင့် တပ်ဖွဲ့ ၁၂ ဖွဲ့ ပြခန်းများတွင် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုနေသည့် ရူပဓာတုစစ်ဆေးရေးဆိုင်ရာ စက်ကိရိယာများ၊ လက်နက်များ၊ ဝတ်စုံများ၊ ဆက်သွယ်ရေးပစ္စည်းများ၊ မူးယစ်ဆေးဝါးရှာဖွေစစ်ဆေးရေးစက်များနှင့် ယာဉ်များကို လှည့်လည်ကြည့်ရှုသည်။

အခမ်းအနားအစီအစဉ် ဒုတိယပိုင်းဆက်လက်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးက ရဲတပ်ဖွဲ့နေ့ မိန့်ခွန်းပြောကြားပြီး ရဲချုပ်၊ ဒုတိယရဲချုပ်များ၊ ရဲဦးစီးအရာရှိချုပ်နှင့် တာဝန်ရှိသူများက စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်ဖွဲ့ဝင်နှစ်ဦး၊ အနုပညာရှင်များ၊ စွမ်းဆောင်မှုအတွက် ရာထူးတိုးတပ်ဖွဲ့ဝင် ရှစ်ဦး၊ ရုံးဝန်ထမ်းထူးချွန်ဆုခြောက်ဦး၊ အမျိုးသမီးစွမ်းဆောင်ရှင်ဆု တစ်ဦးနှင့် နေအိမ်လိုင်းခန်း သန့်ရှင်းရေးဆုရရှိကြသူ ၁၂ ဦးတို့အား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၃၅) ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနသည် (၃၅) ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အောက်တိုဘာ ၁ ရက်မှ ၄ ရက်အထိ နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည်။




အဆိုပါအစည်းအဝေး၏ ပထမနေ့အဖြစ် (၃၅) ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရွှေစံအိမ်ဟိုတယ်၌ကျင်းပရာ အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ (ACDM)၏ အလှည့်ကျဥက္ကဋ္ဌ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်နှင့် ပူးတွဲဥက္ကဋ္ဌအဖြစ် Mr. Kistoffer James E. Purisima, Assistant Secretary/ Deputy Administrator for Administration, Philippines တို့က ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ACDM ၏ အလှည့်ကျဥက္ကဋ္ဌ ဒေါက်တာကိုကိုနိုင်က အစည်းအဝေးသို့ တက်ရောက်လာကြသော အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာကူညီမှုညှိနှိုင်းရေးမှူးရုံး (AHA Centre) တို့မှ အဆင့်မြင့်အရာရှိကြီးများအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပြီး အစည်းအဝေးတွင် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ဖြစ်ပေါ်တိုးတက်မှုများ၊ နိုင်ငံအလိုက်နှင့် ဒေသတွင်းအဆင့်တွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့် ကွာဟချက်များကို ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် ဒေသတွင်းအဆင့်တွင် ဆောင်ရွက်လျက်ရှိသည့် သဘာဝဘေးအန္တရာယ် အရေးပေါ်တုံ့ပြန်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိသည့် အစီအမံများနှင့် ရှေ့လုပ်ငန်းစဉ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ယနေ့ကျင်းပသော (၃၅) ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ၊ ASEAN Coordinating Centre for Humanitarian Assistance on Disaster Management (AHA Centre) မှ Executive Director နှင့် ကိုယ်စားလှယ်များ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်သည်။

**သတင်းစဉ်**

# ဝါးခယ်မမြို့နယ်တွင် ကျေးလက်ရေပေးရေးလုပ်ငန်းများ လွှဲပြောင်းပေးအပ်

**ဝါးခယ်မ အောက်တိုဘာ ၁**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဝါးခယ်မမြို့နယ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ကျေးလက်ရေပေးရေး လုပ်ငန်းများအား ကျေးရွာများသို့ လွှဲပြောင်းပေးအပ်ပွဲနှင့် စက်ရေတွင်း မောင်းနှင်ထိန်းသိမ်းခြင်းနှင့် ရန်ပုံငွေထိန်းသိမ်းသုံးစွဲနည်းသင်တန်းကို ယမန်နေ့ နံနက်ပိုင်းက ဝါးခယ်မမြို့ စက္ကူပါလခန်းမ၌ ကျင်းပသည်။

ကျေးလက်ရေပေးရေးလုပ်ငန်းများ လွှဲပြောင်းပေးအပ်ပွဲတွင် မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသင်းဦးနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်တို့က ဒေသခံပြည်သူများ ရေကောင်းရေသန့်ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ကျေးလက်ရေပေးရေးလုပ်ငန်းများအား ကျေးရွာများသို့ လွှဲပြောင်းပေးအပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စက်ရေတွင်း မောင်းနှင်ထိန်းသိမ်းခြင်းနှင့် ရန်ပုံငွေထိန်းသိမ်းသုံးစွဲနည်းများကို သင်တန်းပို့ချပေးကြပြီး ကျေးရွာပေါင်း ၁၄ ရွာမှ ရေကော်မတီဝင်များအား ကျေးလက်ရေပေးရေးလုပ်ငန်းများ လွှဲပြောင်းပေးအပ်ကြသည်။

**ဘုန်းမြင့်အောင်**

# အရှုံးခန့်မှန်းထားသည့်အခြေအနေမှ လွတ်မြောက်၍ အလားအလာကောင်းများ ထွက်ပေါ်လာသော သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

■ ခင်ရတနာ

မြန်မာနိုင်ငံသည် သဘာဝသယံဇာတအရင်းအမြစ်များအား ပွင့်လင်းပြီး တာဝန်ခံမှုရှိစွာစီမံခန့်ခွဲနိုင်ရေး EITI အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ ယင်းလုပ်ငန်းစဉ်များကိုလည်းအစိုးရ၊ အရပ်ဘက်နှင့်ပုဂ္ဂလိကတို့မှ ပူးပေါင်းပါဝင်ဆောင်ရွက်နေကြသည်။ စက်တင်ဘာလ ၁၉ ရက်နေ့တွင် မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့ (MATA) က အစီရင်ခံစာတစ်ရပ်ကိုထုတ်ပြန်ခဲ့သည်။ အဆိုပါ အစီရင်ခံစာတွင်၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နိုင်ငံတော်အရအသုံးမှန်းခြေငွေစာရင်း၏ အချက်အလက်များအရ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း ၁၀ ခု အရှုံးပေါ်သည့် အကြောင်းနှင့်စုစုပေါင်း ငွေကျပ် ၈၃၃ ဘီလီယံကျော် (အမေရိကန်ဒေါ်လာသန်း ၅၀၀ ကျော်) အရှုံးပေါ်ခဲ့သည်ဟု ဖော်ပြထားကြောင်း သတင်းများအရ သိရှိရသည်။

**ရှင်းလင်းဖြေကြားမှုပြုလုပ်**

ထိုအထဲတွင်သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၁၁၅၇သန်း အရှုံးပေါ်နိုင်ကြောင်း နိုင်ငံတော် အရအသုံးမှန်းခြေငွေစာရင်းကို အခြေခံကာ ဖော်ပြပါရှိခဲ့သည်။ ပြီးခဲ့သည့်နှစ် ဘတ်ဂျက်လျာထားစဉ် အချိန်ကလည်း လွှတ်တော်တွင် နိုင်ငံပိုင်သတင်းစာများသည် နိုင်ငံတော်၏အရင်းအမြစ်များကိုသုံးကာ ဈေးကွက်ဝေစုအများဆုံးရရှိထားသော်လည်း အရှုံးပေါ်သည့်အခြေအနေ ဖြစ်ပေါ်နိုင်ခြင်း အပေါ် မေးမြန်းမှုများ ရှိခဲ့ခြင်းကြောင့် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားမှု ပြုလုပ်ခဲ့ရသည်။

ပြန်ကြားရေးဝန်ကြီးဌာန၏ လက်အောက်ခံအဖွဲ့အစည်းတစ်ခုဖြစ်သည့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသည်မြန်မာ့အလင်း၊ ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar အပြင် ဒစ်ဂျစ်တယ်သတင်းစာ Myanmar Digital News ကို ထုတ်ဝေလျက်ရှိသည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းကြီးတစ်ခု ဖြစ်သည်။ အမြတ် အစွန်းကိုအဓိကထား ဆောင်ရွက်ရခြင်းမဟုတ်ဘဲ ပြည်သူများ၏ သတင်းအချက်အလက် သိရှိပိုင်ခွင့်အတွက် ဆောင်ရွက်ရခြင်းတွင် သင့်တင့်သောဝင်ငွေဖြင့် နှစ်စဉ်နှစ်တိုင်း အရှုံးမရှိခဲ့သည့် လုပ်ငန်းတစ်ခုဖြစ်ပါသည်။ လုပ်ငန်းသုံးရင်းနှီးငွေများမှတစ်ဆင့် ဝန်ထမ်းများ၏ လစာငွေ၊ အငြိမ်းစားဝန်ထမ်း ၈၅၀ ကျော်အတွက် ပင်စင်လစာငွေ၊ သတင်းစာထုတ်လုပ်မှုစရိတ်များနှင့် သာမန်အသုံးစရိတ်များ၊ ငွေလုံးငွေရင်းအသုံးစရိတ်များကို သုံးစွဲခဲ့သည့်အပြင် နိုင်ငံတော်၏ အခွန်အခများကိုလည်း ကျေပွန်စွာထမ်းဆောင်ခဲ့သည့် လုပ်ငန်းကြီးတစ်ခုလည်းဖြစ်ပါသည်။

**အရှုံးဖြစ်လာနိုင်ကြောင်း ခန့်မှန်းလျာထားခဲ့ရ**

နှစ်စဉ်နှစ်တိုင်း အရှုံးမရှိသည့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသည် ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ စတင်ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိဖြစ်သော၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ခန့်မှန်းတွက်ချက်မှုများတွင် အသုံးစရိတ်သည် ဝင်ငွေထက်ပိုနေခဲ့ပြီး အရှုံးပေါ်နိုင်သည့်အခြေအနေကို ကြုံတွေ့ရနိုင်သည့် အခြေအနေ ဖြစ်ခဲ့သည်။ ထိုသို့ခန့်မှန်းခြင်းသည် သတင်းစာပုံနှိပ်လုပ်ငန်းသုံး အဓိကကုန်ကြမ်းဖြစ်သည့် စက္ကူ၊ မင်ဈေးနှုန်းများနှင့် အခြားသော အထွေထွေကုန်ပစ္စည်းဈေးနှုန်းများ၊ ထုတ်လုပ်မှုကုန်ကျစရိတ်များ၊ ဖြန့်ချိစရိတ်များ မြင့်မားလာခြင်းကြောင့် ခန့်မှန်းတွက်ချက်မှုလည်း မြင့်မားခဲ့ပြီး အရှုံးဖြစ်လာနိုင်ကြောင်း ခန့်မှန်းလျာထားခဲ့ရခြင်းဖြစ်သည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသည် လုပ်ငန်းလည်ပတ်ရာတွင် အဓိကဝင်ငွေဖြစ်သော ကြော်ငြာဝင်ငွေနှင့် သတင်းစာရောင်းချရရှိသည့် ဝင်ငွေတို့အပြင် စက္ကူလုံးကျန်များ၊ လိပ်ခွံများရောင်းချရရှိငွေ၊ စွန့်ပစ်ပစ္စည်းများရောင်းချရရှိသည့်ဝင်ငွေ စသည့်အထွေထွေအရပ်ရပ် ဝင်ငွေများဖြင့် နိုင်ငံတော်ဘဏ္ဍာ အရှုံးမဖြစ်ပေါ်စေရေးအတွက် ချင့်ချိန်ဂရုပြုဆောင်ရွက်ခဲ့ပြီး သတင်းစာထုတ်လုပ်မှုစရိတ်အရှုံးကိုကာမိစေရန်၂၀၁၉ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ စတင်ကာ သတင်းစာတစ်စောင်၏ ဈေးနှုန်းကို ငွေကျပ် ၅၀ မှ ၁၀၀ကျပ်သို့ တိုးမြှင့်ရောင်းချခြင်းကို မလွှဲမရှောင်သာပြုလုပ်ခဲ့ပါသည်။

ထို့ပြင် ထုတ်လုပ်ရေးအဆင့်ဆင့်မှသည် ဖြန့်ချိရေးလုပ်ငန်းများအထိ အဆင့်တိုင်းတွင် စရိတ်စက လျှော့နည်းသက်သာမှုရှိစေရန်နှင့် ကုန်ကျစရိတ် လျှော့နည်းစေရန်အတွက်လည်း စနစ်တကျထိန်းသိမ်းကာ ယိုပေါက်များမရှိစေရေးကို သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အရာထမ်း၊ အမှုထမ်းတိုင်းက ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုကဲ့သို့အခြေအနေကောင်းများ ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်ပါသည်။

> ❛နှစ်စဉ်နှစ်တိုင်း အရှုံးမရှိသည့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသည် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလမှစတင်ပြီး၂၀၁၉ ခုနှစ်စက်တင်ဘာလအထိဖြစ်သော၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ခန့်မှန်းတွက်ချက်မှုများတွင် အသုံးစရိတ်သည် ဝင်ငွေထက်ပိုနေခဲ့ပြီး အရှုံးပေါ်နိုင်သည့်အခြေအနေကို ကြုံတွေ့ရနိုင်သည့် အခြေအနေဖြစ်ခဲ့သည်။ ထိုသို့ ခန့်မှန်းခြင်းသည် သတင်းစာပုံနှိပ်လုပ်ငန်းသုံး အဓိကကုန်ကြမ်းဖြစ်သည့် စက္ကူ၊ မင်ဈေးနှုန်းများနှင့် အခြားသော အထွေထွေကုန်ပစ္စည်းဈေးနှုန်းများ၊ ထုတ်လုပ်မှုကုန်ကျစရိတ်များ၊ ဖြန့်ချိစရိတ်များမြင့်မားလာခြင်းကြောင့် ခန့်မှန်းတွက်ချက်မှုလည်း မြင့်မားခဲ့ပြီးအရှုံးဖြစ်လာနိုင်ကြောင်း ခန့်မှန်းလျာထားခဲ့ရခြင်းဖြစ်❜

> ❛သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ လုပ်ငန်းစဉ်များကိုလည်း ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်လျက်ရှိပြီး ငွေကြေးသုံးစွဲမှုများတွင်လည်း စနစ်တကျ လုပ်ဆောင်လျက်ရှိရာ နှစ်စဉ်နှစ်တိုင်း တစ်ကြိမ်တစ်ခါမျှအရှုံး မရှိခဲ့ကြောင်း မှတ်တမ်းများအရ သိရှိနိုင်သကဲ့သို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁၁၅၇ ဒသမ ၅၇၇ သန်း အရှုံးပေါ်နိုင်ကြောင်း ခန့်မှန်းလျာထားတွက်ချက်မှုအပေါ် ပြုပြင်ပြောင်းလဲဆောင်ရွက်စေမှုများကြောင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် စာရင်းချုပ်အရ ကျပ်သန်း ၁၂၀၀ ခန့်အမြတ်ဖြစ်ပေါ်နေကြောင်း သိရှိရ❜

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ထုတ်ဝေလျက်ရှိသည့် သတင်းစာများသည် ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်သုံးရပ်ဖြစ်သည့် ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဟူသည့် ဆောင်ပုဒ်အတိုင်း ပြည်သူလူထုက ရွေးချယ်တင်မြှောက်သည့် အစိုးရ၏ ပြည်သူလူထုအကျိုးအတွက် ဆောင်ရွက်ချက်များကို ဖော်ပြပေးခြင်း၊ ပြည်သူလူထုက အစိုးရထံတင်ပြလိုသည့် သတင်းအချက်အလက်များကို တင်ပြပေးခြင်း၊ အများပြည်သူများပညာဗဟုသုတတိုးပွားစေရေးနှင့် စာပေမှတစ်ဆင့်သုတ၊ ရသအဖြာဖြာကိုရရှိစေရန် ကဏ္ဍအသီးသီး တိုးချဲ့ထည့်သွင်းကာ တင်ဆက်ပေးနိုင်ခဲ့သည်။

**ယနေ့တိုင် ဆက်လက်ရှင်သန်**

နိုင်ငံပိုင်သတင်းစာများသည် အရှုံးကိုကာမိစေရန် ရည်ရွယ်ကာ သတင်းစာဈေးနှုန်းများကို တိုးမြှင့်ပြောင်းလဲခဲ့သော်လည်း ပြည်သူ့အတွက်ဝန်ဆောင်မှုတစ်ခုဖြစ်သည့် ကြော်ငြာဈေးနှုန်းများကိုမူ ဈေးနှုန်းတိုးမြှင့်ခြင်းမရှိဘဲ မူလအတိုင်းထားရှိကာ လက်ခံထည့်သွင်းပေးလျက်ရှိပါသည်။ အစိုးရ၏ သတင်းထုတ်ပြန်ချက်များ၊ ဥပဒေပြုမဏ္ဍိုင်မှ ဥပဒေပြဋ္ဌာန်းချက်များနှင့် ဥပဒေကြမ်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်သူ့အကျိုးဆောင်ရွက်ချက်များနှင့်ပြည်သူတို့၏ အမြင်များကို ထင်ဟပ်တင်ပြသည့်ပြည်သူ့သဘောထားစင်မြင့်စသော သတင်းအချက်အလက်များစွာတို့ကိုလည်း ဖော်ပြပေးလျက်ရှိရာ ယုံကြည်စွာလက်ခံအားပေးသည့် စာဖတ်ပရိသတ်များကြောင့်ပင် ယနေ့တိုင် ဆက်လက်ရှင်သန်နေခြင်း ဖြစ်ပါသည်။

နိုင်ငံပိုင်သတင်းစာများသည် ပုဂ္ဂလိကသတင်းစာ၊ ဂျာနယ်၊ စာစောင်လုပ်ငန်းများနည်းတူ နိုင်ငံတော်အတွက် အခွန်အခများကိုလည်း ထမ်းဆောင်ရပြီး သတင်းစာရောင်းချရမှုအပေါ် အမြတ်ငွေ၏ ၂၅ ရာခိုင်နှုန်းကို ဝင်ငွေခွန်အဖြစ်လည်းကောင်း၊၂၀ ရာခိုင်နှုန်းကို နိုင်ငံတော်ထည့်ဝင်ငွေအဖြစ်လည်းကောင်း နိုင်ငံတော်ဘဏ္ဍာငွေသို့ ထည့်သွင်းပေးရသည်။ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းဖြစ်ခြင်းကြောင့် ငွေကြေးဆိုင်ရာ ကိစ္စရပ်များအားလုံးကို လေလွင့်မှုမရှိစေရေးအတွက် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ တာဝန်ရှိသူအဆင့်ဆင့်ကလည်း စစ်ဆေးကြပ်မတ်ပေးနေသည့်အပြင် ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် လချုပ်များ၊ နှစ်ချုပ်များ စနစ်တကျရေးဆွဲကာပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးမှုစံနှုန်းများနှင့်အညီ စစ်ဆေးခြင်းကိုလည်း စနစ်တကျခံယူဆောင်ရွက်လျက်ရှိပါသည်။

အသစ်ပြဋ္ဌာန်းထားခဲ့သည့်၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ လျှော့ပေါ့သက်သာခွင့်ရရှိသည့် ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းကို ပုဂ္ဂလိကလုပ်ငန်းများနည်းတူ တွက်ချက်ဆောင်ရွက်ခွင့်ရရှိခြင်းသည်လည်း သတင်းစာများ ဆက်လက်ရှင်သန်ရန် တွန်းအားတစ်ရပ်ဖြစ်ခဲ့ပြီး အရှုံးကိုကာမိ၍ အမြတ်ငွေများပင်ကျန်ရှိလာနိုင်သည့် အနေအထားကို မြင်တွေ့ရသည်။

**ကျပ်သန်း ၁၂၀၀ ခန့်အမြတ် ဖြစ်ပေါ်နေကြောင်း သိရှိရ**

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ လုပ်ငန်းစဉ်များကိုလည်းပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်လျက်ရှိပြီး ငွေကြေးသုံးစွဲမှုများတွင်လည်း စနစ်တကျလုပ်ဆောင်လျက်ရှိရာ နှစ်စဉ်နှစ်တိုင်း တစ်ကြိမ်တစ်ခါမျှ အရှုံးမရှိခဲ့ကြောင်း မှတ်တမ်းများအရသိရှိနိုင်သကဲ့သို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁၁၅၇ ဒသမ ၅၇၇ သန်း အရှုံးပေါ်နိုင်ကြောင်း ခန့်မှန်းလျာထားတွက်ချက်မှုအပေါ် ပြုပြင်ပြောင်းလဲဆောင်ရွက်စေမှုများကြောင့်၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်စာရင်းချုပ်အရ ကျပ်သန်း ၁၂၀၀ ခန့်အမြတ် ဖြစ်ပေါ်နေကြောင်း သိရှိရပါသည်။

သတင်းစာ၏ အသက်တစ်မနက်ဟူ၍ ပြောဆိုကြပါသည်။ သတင်းထူး၊ သတင်းဦးများကို နံနက်ခင်းတွင်တစ်နိုင်ငံလုံးမှ ပြည်သူများဖတ်ရှုနိုင်ကြစေရေးအတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဝန်ထမ်းများက နေ့မအား၊ ညမနား တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြပါသည်။ ထို့အပြင် နိုင်ငံတော်၏ ဘဏ္ဍာငွေများ ဆုံးရှုံးမှုမရှိစေရေးနှင့်တိုးတက်ရရှိစေရေးအတွက်လည်း ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါသည်။ သတင်းစာများ၏ အသက်သည် တစ်မနက်သာဖြစ်သော်လည်း နိုင်ငံပိုင်သတင်းစာလုပ်ငန်းဖြစ်သည့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အသက်သည် မိဘပြည်သူများ၏ အားပေးမှုသာ ဖြစ်ပါသည်။ပြည်သူများ ဆက်လက်အားပေးမှု၊ ယုံကြည်မှုဖြင့် နိုင်ငံပိုင်သတင်းစာများ အရှုံးမရှိစေဘဲ အမြတ်အစွန်းများရရှိကာ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးအဖြစ် လျှောက်လှမ်းရာတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ကျရာကဏ္ဍမှပါဝင်ကာ ဆက်လက်ကြိုးပမ်းထမ်းရွက်သွားမည်ဖြစ်ပါကြောင်း။ ။

## ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာ တစ်နှစ်သင်တန်း သင်တန်းသားခေါ်ယူ

**နေပြည်တော် အောက်တိုဘာ ၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) တို့ပူးပေါင်း၍ ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမျိုးသားပြတိုက်(ရန်ကုန်) ၌ ဘွဲ့လွန်ပြတိုက်ပညာ ဒီပလိုမာသင်တန်း၂၀၁၉-၂၀၂၀ ပညာသင်နှစ်ကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကာလမှာ တစ်နှစ်ဖြစ်ပြီးဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာ (Postgraduate Diploma in Museoiogy) ပေးအပ်သွားမည်ဖြစ်သည်။ သင်တန်းကိုနိုဝင်ဘာလ နောက်ဆုံးပတ်တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူများ လျှောက်ထားနိုင်ကြောင်း၊ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားကြရမည်ဖြစ်ကြောင်း သိရသည်။

ဝင်ခွင့်လျှောက်လွှာပုံစံများကို အောက်တိုဘာ ၁ ရက်မှစ၍ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန (နေပြည်တော်)၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ရန်ကုန်ဌာနခွဲ)၊ ၃၂ ဒီ ၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)၂၈လမ်း၊ ၇၀-၇၁ ကြား၊ မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ကမ္ဘာ့အမွေအနှစ်ဒေသများ ဌာနခွဲ၊ သရေခေတ္တရာဌာနစု (ပြည်)၊မှော်ဇာ၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး၊ အမျိုးသားပြတိုက် (နေပြည်တော်)၊ အမျိုးသားပြတိုက် (ရန်ကုန်)၊အမှတ် ၆၆ / ၇၄ ၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတို့၌ ဝယ်ယူရရှိနိုင်ပြီး အောက်တိုဘာ ၃၁ ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားကြရမည်ဖြစ်ကြောင်း သိရသည်။

အသေးစိတ်အချက်အလက်များကို ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ နေပြည်တော်ဖုန်း-၀၆၇-၃၄၀၈၀၃၉၊ ၃၄၀၈၀၄၀၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ဖုန်း-၀၁-၅၉၀၂၅၂၊ ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း (ပြည်)၊ ဖုန်း-၀၉-၄၃၀၀၆၇၈၆၊ ၀၉-၄၅၂၃၃၆၄၈၃၊ ၀၅၃-၂၈၆၁၂၊ မန္တလေးဌာနခွဲ၊ ဖုန်း-၀၂- ၄၀၆၀၀၅၉၊ ရန်ကုန်ဌာနခွဲ၊ ဖုန်း-၀၁-၅၁၂၁၃၆၊၅၁၂၁၃၇၊ အမျိုးသားပြတိုက် (နေပြည်တော်)၊ ဖုန်း-၀၆၇-၃၄၁၈၄၃၂၊ အမျိုးသားပြတိုက်(ရန်ကုန်)၊ဖုန်း-၀၁-၃၇၈၆၅၂၊ ၃၇၁၅၃၉ တို့ကို ဆက်သွယ်စုံစမ်းနိုင်သည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ခေါင်းဆောင်သော မြန်မာလွှတ်တော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံသို့ ရောက်ရှိ

**အင်ချွန်း အောက်တိုဘာ ၁**

ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Mr. Moon Hee-sang ၏ ဖိတ်ကြားချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်ခေါင်းဆောင်သော မြန်မာလွှတ်တော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ပြီး ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းမြို့သို့ ယနေ့ဒေသစံတော်ချိန် နံနက် ၇ နာရီ ၃၅ မိနစ်တွင် ရောက်ရှိသည်။

**ကြိုဆို**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်အဖွဲ့အား ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မစ္စတာကင်ဂျယ်ဝမ်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန့်စင်နှင့် မြန်မာသံရုံးတာဝန်ရှိသူများက အင်ချွန်းလေဆိပ်၌ ကြိုဆိုကြသည်။

ယင်းနောက် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော် အမြဲတမ်းကော်မတီ Foreign Affairs and Unification Committee ဥက္ကဋ္ဌ Mr. Hon. Yoon Sanghyun က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

**သွားရောက်လေ့လာ**

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် မွန်းလွဲ ၂ နာရီခွဲတွင် ဆူဝမ်မြို့ရှိ Hwaseong Haeng- Gung နန်းတော်သို့ လည်းကောင်း၊ ညနေ ၄ နာရီတွင် Samsung Innovation Museum သို့ လည်းကောင်း သွားရောက်လေ့လာသည်။



အဆိုပါလေ့လာရေးအစီအစဉ်များတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ ဦးတင်ထွေး၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မိုးနိုင်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးကျင်ဝမ်း၊ ဦးထွန်းကျော်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ လိုက်ပါလေ့လာခဲ့ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း အမေရိကန်သံအမတ်ကြီး၊ အမေရိကန်-အာဆီယံစီးပွားရေး ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် အမေရိကန်သံအမတ်ကြီး Mr. Scot Marciel၊ အမေရိကန်-အာဆီယံစီးပွားရေးကောင်စီဥက္ကဋ္ဌ Mr. Alexander C. Feldman နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ Financial Inclusion Roadmap တွင် အမေရိကန်နိုင်ငံမှ စီးပွားရေးအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံနေသော အမေရိကန်ကုမ္ပဏီများ ပူးပေါင်းပါဝင်နိုင်ရေး၊ နှစ်နိုင်ငံအကြား စီးပွားရေးချိတ်ဆက်မှု ပိုမိုမြှင့်တင်နိုင်ရေး၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် ပတ်ဝန်းကျင်ကောင်းများဖြစ်ပေါ်ရေးနှင့် နှစ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကိုရီးယားနိုင်ငံတွင် ကျင်းပသော စတုတ္ထအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ သက်ရွယ်ကြီးရင့်မှုနှင့် သက်ကြီးရွယ်အိုများ၏အခွင့်အရေးဆိုင်ရာ အာရှ-ဥရောပညီလာခံသို့ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့ နံနက်ပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ကျင်းပသည့် စတုတ္ထအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ သက်ရွယ်ကြီးရင့်မှုနှင့် သက်ကြီးရွယ်အိုများ၏ အခွင့်အရေးဆိုင်ရာ အာရှ-ဥရောပညီလာခံသို့ တက်ရောက်သည်။

**ဖွင့်လှစ်**

ညီလာခံဖွင့်ပွဲအခမ်းအနားကို ကိုရီးယားအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ Ms. Young-Ae Choi က အဖွင့်အမှာစကားပြောကြားကာ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် သက်ကြီးရွယ်အိုများအပါအဝင် ပဋိညာဉ်သန္ဓေတည်သည်မှစတင်၍ လူငယ်များ၊ အမျိုးသမီးများအပါအဝင် လူ့အသိုက်အဝန်းအားလုံး၏ လူ့အခွင့်အရေးတိုးမြှင့်ရေးနှင့် ကာကွယ်စောင့်ရှောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ သက်ကြီးရွယ်အိုဆိုင်ရာဥပဒေကို ၂၀၁၆ ခုနှစ်တွင် ပြဋ္ဌာန်းနိုင်ခဲ့ပြီး သက်ကြီးပင်စင်စနစ်ကို ၂၀၁၇ ခုနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ အသက်(၈၅)နှစ်အထက် သက်ကြီးရွယ်အိုအားလုံးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သက်ကြီးပင်စင်စနစ် ဆောင်ရွက်နေပါကြောင်း၊ သက်ကြီးရွယ်အိုများအနေဖြင့် ကျန်းမာရေးကောင်းမွန်ရန် ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်သကဲ့သို့ စိတ်ပိုင်းဆိုင်ရာကျန်းမာရန်လည်း လိုအပ်ကြောင်း၊ သက်ကြီးရွယ်အိုများအနေဖြင့် ပညာရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာကိစ္စများတွင် ပိုမိုပါဝင်ဆောင်ရွက်နိုင်ရေး၊ သက်ကြီးတို့၏ အတွေ့အကြုံ၊ ဉာဏ်ပညာ၊ ဗဟုသုတတို့ကို လူငယ်တို့၏ ဆန်းသစ်သော အတွေးအခေါ်များ၊ တီထွင်ဖန်တီးနိုင်မှုစွမ်းအားများနှင့် ချိတ်ဆက်ရန်လိုပါကြောင်း၊ ယနေ့ကဲ့သို့ နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည့်အချိန်တွင် နည်းပညာကို သက်ကြီးရွယ်အိုများ အသုံးပြုနိုင်ရန်၊ နည်းပညာ၏ အကျိုးကျေးဇူးကို သက်ကြီးများရရှိနိုင်ရန် ကြိုးပမ်းရန်လိုကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုများကြောင့် သက်ကြီးများ များပြားလာရာ စနစ်အသီးသီးတို့လည်း လိုက်ပါချိန်ညှိပြောင်းလဲရန်လိုအပ်ပါကြောင်း ပြောကြားသည်။




မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် KOICA အဖွဲ့အစည်း၏ President, Ms. Lee Mi-kyung နှင့်တွေ့ဆုံသည်။ တွေ့ဆုံရာတွင် KOICA မြန်မာမှ World Friends Korea အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသော ကိုရီးယားလုပ်အားပေးအစီအစဉ်များမှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် အကျိုးကျေးဇူးများရရှိခဲ့သည့်အတွက် အဆိုပါအစီအစဉ်များ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ လူမှုဝန်ထမ်းပညာရှင်(Social Worker)များ မွေးထုတ်နိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလတို၊ ကာလရှည်သင်တန်းများ KOICA အစီအစဉ်ဖြင့် စေလွှတ်နိုင်ရေး၊ ရန်ကုန်မြို့တွင် တည်ထောင်ရန်လျာထားသော Social work Institute ဖွင့်လှစ်ရန် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေး၊ မိုင်းဒဏ်သင့်မသန်စွမ်းသူများအား ပြန်လည်ထူထောင်ရေး၊ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ သက်ကြီးရွယ်အိုများအပါအဝင် အမျိုးသမီး၊ ကလေးသူငယ်တို့၏အခွင့်အရေးများ အပြည့်အဝခံစားရရှိရေး လက်ရှိဆောင်ရွက်နေသည့်ကိစ္စရပ်များနှင့် KOICA နှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး၊ တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့တွင် နိုဝင်ဘာလအတွင်းကျင်းပမည့် ROK-ASEAN နှစ်(၃၀)မြောက်ဆွေးနွေးပွဲတွင် KOICA မှ ပါဝင်မည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

အဆိုပါညီလာခံအား အောက်တိုဘာ ၂ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီး Mr. JaroslavDolecek အား ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို ချစ်ကြည်ရင်းနှီးစွာ ဆက်လက်ပူးပေါင်း ဆောင်ရွက်နိုင်ရေး ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး လူတိုင်းလက်လှမ်းမီလွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အဆင့်မြင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် စက်တင်ဘာ ၂၂ ရက်မှ ၂၅ ရက်အထိ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် ကျင်းပခဲ့သည့် လူတိုင်းလက်လှမ်းမီလွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု(Universal Health Converge-UHC)ဆိုင်ရာ အဆင့်မြင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး စက်တင်ဘာ ၃၀ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

**တက်ရောက်ဆွေးနွေး**

ပြည်ထောင်စုဝန်ကြီးသည် Stop TB Partnership မှ Executive Director ၏ ဖိတ်ကြားချက်အရ စက်တင်ဘာ ၂၂ ရက်တွင် TB Innovation Summit 2019 သို့တက်ရောက်ခဲ့ပြီး ဘရာဇီးနိုင်ငံ ကျန်းမာရေးဝန်ကြီးနှင့်အတူ တီဘီရောဂါအဖြစ်များသော နိုင်ငံများတွင် ဆန်းသစ်တီထွင်သော ဂေဟာစနစ်ကို တည်ထောင်၍ တီဘီရောဂါ၊ ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရေးစားပွဲဝိုင်း ဆွေးနွေးပွဲသို့ ဟောပြောသူအဖြစ် တက်ရောက်ဆွေးနွေးသည်။



ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် ဆန်းသစ်တီထွင်သော ဂေဟာစနစ်တည်ထောင်၍ လူနာ၊ ကျန်းမာရေးစောင့်ရှောက်မှု နည်းပညာရပ်ဆိုင်ရာလုပ်ငန်းရှင်နှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူတို့ အတူညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ခေတ်ပေါ်စက်ပစ္စည်းများ တီထွင်ရောင်းချရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် စဉ်းစားဆောင်ရွက်ပေးစေလိုပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် မဖွံ့ဖြိုးသေးသောတိုင်းပြည်နိုင်ငံများအနေဖြင့် မြို့ပေါ်ရှိ အထူးကုဆရာဝန်ကြီးများမှ ရောဂါရှာဖွေ အမည်တပ်ပေးနိုင်မည့် အသိဉာဏ်တုနည်းပညာများနှင့် ခေတ်မီဆက်သွယ်ရေးနည်းပညာသုံး ဓာတ်မှန်စက်ဖြင့် ရောဂါရှာဖွေခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ပိုမိုလိုအပ်ပါကြောင်း။

မြန်မာနိုင်ငံ၌ Mobile Tablet များဖြင့် စီမံခန့်ခွဲမှုအထောက်အကူပြု ကျန်းမာရေးသတင်းစနစ် (DHIS – 2) ကို အသုံးပြု၍ တီဘီရောဂါဆိုင်ရာ သတင်းအချက်အလက်များပေးပို့ခြင်း၊ တီဘီရောဂါနှင့်ပတ်သက်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်နိုင်ပါကြောင်း၊ တီဘီရောဂါကာကွယ်နှိမ်နင်းရာတွင် လူထု၏ ကျန်းမာရေးအသိဉာဏ် အဆင့်အတန်းမြင့်မားရန် လိုအပ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် Mobile Tablet များအသုံးပြု၍ ပြည်သူများ၏ ကျန်းမာရေးအသိပညာဗဟုသုတများကြွယ်ဝရေးကို အလေးပေးဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နယူးယောက်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းမှ အသင်းဝင်များနှင့် တွေ့ဆုံပြီး အမေရိကန်နိုင်ငံသား ခံယူထားသည့် မြန်မာဆရာဝန်များအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်၍ ကျန်းမာရေးဝန်ဆောင်မှုပေးခြင်းနှင့် အတွေ့အကြုံများမျှဝေခြင်းတို့ကို ဆောင်ရွက်ရာ၌ အဆင်ပြေချောမွေ့စေရေးအတွက် မြန်မာနိုင်ငံ ဆေးကောင်စီနှင့် ညှိနှိုင်းမည့်ကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝါရှင်တန်ဒီစီ အခြေစိုက် FHI 360 အဖွဲ့မှ အမှုဆောင်အရာရှိချုပ်နှင့် တွေ့ဆုံဆွေးနွေးသည်။

**မိန့်ခွန်းပြောကြား**

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၂၃ ရက်တွင် နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသည့် High Level meeting on UHC သို့ တက်ရောက်သည်။ အဆိုပါ အခမ်းအနားဖွင့်ပွဲသို့ (၇၄) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဥက္ကဋ္ဌ၊ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညွှန်ကြားရေး မှူးချုပ်နှင့် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌတို့က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်သောနိုင်ငံများမှ သမ္မတများ၊ ဝန်ကြီးချုပ်များနှင့် ကျန်းမာရေးဝန်ကြီးများက နိုင်ငံအလိုက်မိန့်ခွန်းများပြောကြားကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက နိုင်ငံကိုယ်စားပြု မိန့်ခွန်းပြောကြားခဲ့သည်။

**တွေ့ဆုံဆွေးနွေး**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Business Council for International Understanding မှ ကျင်းပသည့် ရေရှည်တည်တံ့သည့် လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု အရှိန်အဟုန်မြှင့်တင်မှု-မကူးစက်တတ်သောရောဂါများအတွက်ကုသစောင့်ရှောက်မှုများကို ပိုမိုလက်လှမ်းမီရရှိရေး အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် General Electronic ၏ ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် လည်းကောင်း၊ မွန်းလွဲပိုင်းတွင် One Sight Foundation ၏ ဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ပြီး Eliminating Poor Vision in a generation ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် KIRK Humanitarian အဖွဲ့၏ ဥက္ကဋ္ဌနှင့် Program Director တို့နှင့် တွေ့ဆုံရာ KIRK Humanitarian အဖွဲ့အနေဖြင့် ဆေးဝါးများ မြန်မာနိုင်ငံသို့ ဆက်လက်၍ ပေးပို့မည်ကို ကတိပြုပါကြောင်းနှင့် ကိုယ်ဝန်ဆောင်များနှင့်ပတ်သက်သည့် သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လိုကြောင်း တင်ပြလာမှုအပေါ် လက်ခံကြောင်းတို့ကို ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၂၅ ရက်တွင် Bill and Melinda Gates Foundation မှ ကြီးမှူးကျင်းပသည့် Goalkeepers 2019 program သို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ Goalkeepers အဖြစ် သတ်မှတ်ခြင်းခံရ၍ (၃) နှစ်တာကာလအတွင်း ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုအမျိုးမျိုးအတွက် နိုင်ငံတကာနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်မည့်အခွင့်အရေးကို ရရှိနိုင်မည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့သည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း အမေရိကန်-အာဆီယံစီးပွားရေးကောင်စီအဖွဲ့နှင့် တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး Scot Marciel နှင့် အမေရိကန်-အာဆီယံစီးပွားရေးကောင်စီဥက္ကဋ္ဌ Mr. Alexander C.Feldman တို့အဖွဲ့အား ယနေ့နံနက်၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁)၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် ပိုမိုရရှိလာသည့် အခွင့်အလမ်းများကို ရှင်းလင်းဆွေးနွေးသည်။

အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီအဖွဲ့ဝင် ကုမ္ပဏီများဖြစ်သည့် Abbott ၊ Amazon ၊ Bower Group Asia ၊ Chevron ၊ MasterCard၊ Visa၊ Ford ၊ Google ၊ Coca-Cola ၊ Chubb နှင့် Diageo ကုမ္ပဏီများက ၎င်းတို့၏ လက်ရှိမြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုအခြေအနေကို ရှင်းလင်းဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက အပေါင်းလက္ခဏာဆောင်သော လက်ရှိစီးပွားရေးဝန်းကျင်အခြေအနေကို အမေရိကန်နိုင်ငံရှိ အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများကို တစ်ဆင့်စကားပြောကြားပေးစေလိုကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံလွတ်လပ်သောကုန်သွယ်မှုဒေသ(ASEAN Free Trade Area-AFTA) ကို ထူထောင်ပြီးဖြစ်သည့်အပြင် လာမည့် နိုဝင်ဘာလတွင် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership-RCEP) ကို အပြီးသတ်တော့မည်ဖြစ်သဖြင့် မြန်မာနိုင်ငံ၌သာမကဒေသတွင်း၌ပါ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးသည်။ **သတင်းစဉ်**

# မဲစာရင်းပြုစုခြင်းနှင့် ရေးသွင်းခြင်း သင်တန်းဆင်းပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁**

ပြည်ကြီးတံခွန်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ မဲစာရင်းပြုစုခြင်းနှင့် ရေးသွင်းခြင်း သင်တန်းဆင်းပွဲကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်သန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းသားသင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးတင်မောင်ကြည်က ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ သင်တန်းကို သင်တန်းသား သင်တန်းသူ ၃၀ ဖြင့် တစ်လကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းဆင်းပွဲသို့ မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိနှင့် တာဝန်ရှိသူများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

သန်းဇော်မင်း(ပြန်/ဆက်)

# ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့အခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁**

၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၂ (MICC-2) ၌ ကျင်းပသည်။

**မပျက်မကွက် ကျင်းပဂုဏ်ပြု**

အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ယခင်နှစ်များနည်းတူ မိမိတို့မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာမိသားစုဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ သက်ကြီးရွယ်အိုများ၏ လူမှုအဖွဲ့အစည်းအပေါ် အကျိုးပြုခဲ့ခြင်းများကို ကျေးဇူးပြုသောအားဖြင့်လည်းကောင်း၊ လက်ရှိလူမှုအဖွဲ့အစည်းအတွက် သက်ကြီးရွယ်အိုများသည် အကျိုးရှိနေဆဲ၊ အသုံးဝင်နေဆဲဖြစ်သည်ကို အသိအမှတ်ပြုလိုသော ရည်ရွယ်ချက်ဖြင့်လည်းကောင်း အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ကို ၁၉၉၉ ခုနှစ်ကစ၍ မပျက်မကွက် ကျင်းပဂုဏ်ပြုခဲ့သည်မှာ ယနေ့အထိဖြစ်ပါကြောင်း။



**ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

ယခုနှစ်တွင် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့အခမ်းအနားကို ပိုမိုအနှစ်သာရပြည့်ဝစေရန်အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက "The Journey to Age Equality" “အသက်ကြောင့် မခွဲခြား တို့ဘိုးဘွား၊ စွမ်းအားတူညီ လျှောက်လှမ်းမည်”ဟူ၍ ယခုနှစ်အတွက် ဆောင်ပုဒ်အဖြစ် သတ်မှတ်ပေးခဲ့ပါကြောင်း၊ နိုင်ငံများအကြား အသက်အရွယ်၊ ကျား/မ၊ လူမျိုးရေး၊ ဘာသာရေး၊ စီးပွားရေးနှင့် အခြားအခြေအနေများအပေါ် မူတည်ပြီး ခွဲခြားဆက်ဆံမှုပပျောက်ရေးနှင့် မညီမျှမှုများကို လျှော့ချနိုင်ရန်အတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (၁၀)တွင် ဖော်ပြထားပါကြောင်း၊ ထို့ကြောင့် သက်ကြီးရွယ်အိုများကိုလည်း အသက်အရွယ်ကြောင့် ခွဲခြားခြင်းမရှိဘဲ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးကဏ္ဍတို့တွင် ချန်လှပ်ထားမှုမရှိဘဲ အတူတကွ ပါဝင်ဆောင်ရွက်ခွင့်ပေးရန် လိုအပ်ပါကြောင်း၊ ယခုဆောင်ပုဒ်၏ အနှစ်သာရများနှင့်အညီ သက်ကြီးရွယ်အိုအရေးကိစ္စများ ဆောင်ရွက်သည့်နေရာတွင် အလေးထားဆောင်ရွက်သွားနိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အဖြစ် မြန်မာတစ်နိုင်ငံလုံး အသက်အကြီးဆုံး အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးကို ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းစီကို သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များမှတစ်ဆင့် လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် သက်ကြီးရွယ်အိုများ၏ ဝင်ငွေလုံခြုံရေးကို အထောက်အကူပြုနိုင်ရန်အတွက် အမျိုးသားလူမှုရေးပင်စင် အစီအစဉ်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကတည်းက စတင်အကောင်အထည်ဖော်လာခဲ့ရာ ယခုအခါ အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးရွယ်အိုဦးရေ ၁၈၀၀၀၀ ကျော်သည် တစ်လ ၁၀၀၀၀ ကျပ်နှုန်းဖြင့် သုံးလတစ်ကြိမ် ၃၀၀၀၀ ကျပ် ပုံမှန်ခံစားခွင့်ရနေကြပြီဖြစ်ပါကြောင်း၊ လာမည့်ဘဏ္ဍာနှစ်များတွင်လည်း နိုင်ငံတော်၏ရန်ပုံငွေ တတ်စွမ်းနိုင်မှုအပေါ် မူတည်ပြီး အကျုံးဝင်အသက်ကို လျှော့ချပြီး ထောက်ပံ့ခြင်းနှင့် အကျိုးခံစားခွင့်ငွေကြေးကို တိုးမြှင့်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှစတင်ပြီး လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အစီအစဉ်အသစ်တစ်ခုဖြစ်သည့် သက်ကြီးရွယ်အိုများအတွက် မျိုးဆက်အသီးသီး၊ မသန်စွမ်းသူများ၊ အမျိုးသမီးများပါဝင်သည့် "Inclusive Self-Help Group" “လူမှုအားမာန်”အဖွဲ့များကို ကျေးရွာအဆင့်များတွင် ဖွဲ့စည်းပြီး သက်ကြီးရွယ်အိုများနှင့် အခြားမျိုးဆက်များအတွက်ပါ အပြန်အလှန် ကူညီစောင့်ရှောက်နိုင်ရေးအတွက် နိုင်ငံတော်က ဦးဆောင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထို့အတွက်လည်း နိုင်ငံတော်မှ ရန်ပုံငွေခွဲဝေချထားပေးပြီး ဖြစ်ပါကြောင်း၊ ကနဦးတွင် အဆိုပါလူမှုအားမာန်အဖွဲ့ပေါင်း ၁၅၀ ဖြင့် စတင်မည်ဖြစ်ပြီး နောက်ပိုင်းတွင် ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၎င်းအဖွဲ့အစည်းတစ်ခုစီကို လူမှုဝန်ထမ်းဦးစီးဌာနရန်ပုံငွေမှ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များ ကောင်းမွန်စွာလည်ပတ်နိုင်ရေးအတွက် ကနဦး မတည်မှုရန်ပုံငွေအနေဖြင့် ငွေကျပ် ၁၀ သိန်းစီ ထောက်ပံ့ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အလားတူ သက်ဆိုင်ရာအစိုးရမဟုတ်သော အဖွဲ့အစည်းများကလည်း ထပ်လောင်းထောက်ပံ့သွားမည်ကို ယခုအပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနားတွင် သတင်းကောင်းပါးခြင်းဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မိမိတို့သည် သက်ကြီးရွယ်အိုများကို လေးစားထိုက်၊ ဂုဏ်ပြုထိုက်သူများဖြစ်၍ အခမ်းအနားကျင်းပပေးရုံသက်သက် မဟုတ်ဘဲ သက်ကြီးရွယ်အိုများ၏ဘဝ အမှန်တကယ်လုံခြုံမှုရှိစေရေးနှင့် သက်ကြီးရွယ်အိုများ၏ စွမ်းအားကို နိုင်ငံတော်တည်ဆောက်ရေးဖြစ်စဉ်တွင် ထည့်သွင်းအသုံးပြုသွားနိုင်ရေးအတွက်လည်း အခွင့်အလမ်းဖန်တီးပေးရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့သောသဝဏ်လွှာကို UN Resident & Coordinator ဖြစ်သူ Mr. Andrew Krikwood က ဖတ်ကြားသည်။



**ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ထူးချွန်အဘိုးအဘွားများနှင့် ဂုဏ်ပြုခံအဘိုးအဘွားများထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။**

ယင်းနောက် ကဏ္ဍအလိုက် ထူးချွန်အဘိုးအဘွားများနှင့် ဂုဏ်ပြုခံအဘိုးအဘွားများထံ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်တို့က ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဆေးဝါးပစ္စည်းနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ Help Age International (Myanmar)၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ကိုယ်စားလှယ်များက အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ကျင်းပရေးကော်မတီသို့ အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် သမဝါယမဦးစီးဌာနတို့မှ ကိုယ်စားလှယ်များက အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ကျင်းပရေးကော်မတီသို့ အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် သက်ကြီးရွယ်အိုနေ့ပိုင်းစောင့်ရှောက်ရေးဂေဟာမှ ဘိုးဘွား ၁၂ ဦးက Zumba အကဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ဒုတိယဝန်ကြီး ဦးစိုးအောင်တို့က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် လူမှုအားမာန်အဖွဲ့မှ အဖွဲ့ဝင်များက အားမာန်သရုပ်ဖော်ပြဇာတ်ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် ဒုတိယဝန်ကြီး ဦးကြည်မင်းတို့က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ချက်ဗီဒီယိုမှတ်တမ်းကို ပြသပြီး ဘိုးဘွားများကိုယ်စား အဘိုး ဦးအောင်မြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ နိုင်သက်လွင်၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ဦးကြည်မင်းတို့သည် ထူးချွန်ဘိုးဘွားများ၊ ဂုဏ်ပြုခံဘိုးဘွားများ၊ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**လှည့်လည်ကြည့်ရှု**

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ နိုင်သက်လွင်၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ဦးကြည်မင်းနှင့် ဧည့်သည်တော်များသည် အဆိုပါခန်းမအတွင်း၌ ခင်းကျင်းပြသထားသည့် ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနား မှတ်တမ်းဓာတ်ပုံများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ (ရန်ကုန်)၊ သက်ကြီးဆရာဝန်များ ထောက်ကူအဖွဲ့၊ Help Age International၊ လူမှုအားမာန်အဖွဲ့၊ Noble Mind Organization၊ Save the Aged၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလှုပ်ရှားမှုဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၏ ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ ဇနီး၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၏ ဇနီးများ၊ နေပြည်တော်ကောင်စီဝင်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ထူးချွန်ဘိုးဘွားများ၊ ဂုဏ်ပြုခံဘိုးဘွားများ၊ ဖိတ်ကြားထားသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့အခမ်းအနားတွင် ထူးချွန်ဘိုးဘွားတစ်ဦးလျှင် အလှူငွေကျပ် တစ်သိန်း၊ ဂုဏ်ပြုခံဘိုးဘွားတစ်ဦးလျှင် အလှူငွေကျပ် ၅၀၀၀၀ နှင့် ဂါရဝပြုလက်ဆောင်များ ပေးအပ်ဂုဏ်ပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့၏ ၂၀၁၉-၂၀၂၀ ပြည့်နှစ် အခြေခံရည်ညွှန်းစပါးဈေးနှုန်း သတ်မှတ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁**

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့၏၂၀၁၉-၂၀၂၀ ပြည့်နှစ် အခြေခံရည်ညွှန်း စပါးဈေးနှုန်းသတ်မှတ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဈေးကွက်တည်ငြိမ်မှုရရှိ**

အစည်းအဝေးတွင် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့အတွင်းရေးမှူး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မိမိတို့နိုင်ငံအတွင်း လုပ်ကွက်ငယ် တောင်သူလယ်သမားအများစု စိုက်ပျိုးသော ဧည့်မထအုပ်စုဝင် စပါးအမျိုးအစားများ၊ လုံးသွယ်အုပ်စုဝင် စပါးအမျိုးအစားများမှာ စပါးပေါ်ချိန်ကာလများတွင် ဈေးနှုန်းမတည်ငြိမ်ခြင်း၊ စပါးဈေးနှုန်းကျဆင်းခြင်းများနှင့် ပြည်ပဈေးကွက်တွင်လည်း ဝယ်လိုအားကျဆင်းခြင်း၊ ခွင့်ပြုပမာဏလျော့နည်းခြင်း၊ နယ်စပ်ကုန်သွယ်ရေးတို့တွင် အခက်အခဲများရှိခြင်းတို့ကြောင့် စပါးရိတ်သိမ်းချိန်ကာလများတွင် ဈေးနှုန်းကျဆင်းလာနိုင်သည့်အတွက် စိုက်ပျိုးသူ တောင်သူလယ်သမားများနစ်နာမှုမရှိစေရေးနှင့် ဈေးကွက်တည်ငြိမ်မှုရရှိစေရန် သက်ဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ၏ ပုဒ်မ(၅) ပုဒ်မခွဲ(ဆ)၊ ပုဒ်မ (၉) ပုဒ်မခွဲ(ဂ)အရ တောင်သူလယ်သမားများ၏ လယ်ယာထုတ်ကုန်များကို သင့်တင့်မျှတသည့် ဈေးနှုန်းဖြင့် ဈေးကွက်ရရှိရေး ညှိနှိုင်းဆောင်ရွက်ကြရန် လိုကြောင်း၊ တောင်သူလယ်သမားများ၏ ထုတ်လုပ်မှု ကုန်ကျစရိတ်နှင့် သင့်တင့်မျှတသော အကျိုးအမြတ်ရရှိစေရေးအတွက် အခြေခံရည်ညွှန်းစပါးဈေးနှုန်း သတ်မှတ်ပေးနိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဦးဆောင်အဖွဲ့မှ ထုတ်ပြန်ပေးထားသည့် လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံအတွင်းရှိ တောင်သူလယ်သမားများ၏အကျိုးစီးပွား ဖော်ဆောင်နိုင်ရေးအတွက်ပါဝင်သည့် အဖွဲ့ဝင်များက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများက အခြေခံရည်ညွှန်းစပါးဈေးနှုန်း သတ်မှတ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးတင်ပြကြသည်။

**သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီ**

တောင်သူလယ်သမား အခွင့်အရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေအရ လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းထားပြီးဖြစ်ရာ ဆန်စပါးဈေးကွက်နှင့်ဈေးနှုန်းဆိုင်ရာ သုံးသပ်အကြံပြုတင်ပြရေး လုပ်ငန်းကော်မတီ ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအရ ၂၀၁၉-၂၀၂၀ ပြည့်နှစ်အတွင်း အခြေခံ ရည်ညွှန်းစပါးဈေးနှုန်းကို စပါးအစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိပြီး စပါးတစ်တင်းလျှင် ၄၆ ပေါင်ကိုက် စပါးအရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် စပါးတင်း ၁၀၀ လျှင် သတ်မှတ်မည့်ဈေးနှုန်းနှင့် အဆိုပါ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို အောက်တိုဘာ ၁၅ ရက်မတိုင်မီ ထုတ်ပြန်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရာသီဥတုဖောက်ပြန်မှုနှင့် ပိုးမွှားများကြောင့် ပျက်စီးဆုံးရှုံးသွားသော သီးနှံစိုက်တောင်သူများအား ထောက်ပံ့ငွေပေးအပ်

**သီပေါ အောက်တိုဘာ ၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ယမန်နှစ်ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးစပါးရေကြီးနစ်မြုပ်ပျက်စီးခဲ့ရခြင်း၊ ငမြောင်တောင်နှင့် အခြားပိုးမွှားများအန္တရာယ်ကြောင့် အစေ့ထုတ်ပြောင်း စိုက်ပျိုးရာတွင် နစ်နာဆုံးရှုံးခဲ့ရသည့် တောင်သူလယ်သမားများ ရန်ပုံငွေထောက်ပံ့ကူညီခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆွေးနွေး**

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမိုးကျော်စွာဝင်းက ရှမ်းပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်များကြောင့် သီးနှံများပျက်စီးထိခိုက်မှုအပေါ် အရေးပေါ်ရန်ပုံငွေဖြင့် တောင်သူများအား ကူညီပေးအပ်ရခြင်းအကြောင်းများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် မန်လယ်ကျေးရွာအုပ်စု မိုးစပါး ၇၅ ဧကနှင့် နမ့်လန်၊ မော်ဆွေ၊ မိုင်းလင်းကျေးရွာ အစေ့ထုတ်ပြောင်း ၉၁ ဧကအတွက် တစ်ဧကလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် စုစုပေါင်း ၁၆၆ ဧကအား ငွေကျပ် ၁၆၆၀၀၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်စွာဝင်းနှင့် တာဝန်ရှိသူများက တောင်သူတစ်ဦးချင်းထံ ထောက်ပံ့ပေးအပ်ခဲ့သည်။

**စိုင်းသာလှိုင်**




# ဂျာမန်အမျိုးသားပေါင်းစည်းရေးနေ့ အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁**

ဂျာမန်အမျိုးသားပေါင်းစည်းရေးနေ့ အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ည၇နာရီတွင် ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့်ဇနီးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် ဂျာမနီနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး Mr.Thomas Karl Neisinger နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးတို့က ဂျာမန်ပေါင်းစည်းရေးနေ့ အထိမ်းအမှတ် နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် ဂျာမနီနိုင်ငံ သံအမတ်ကြီးက ညှော်ခံပွဲသို့ တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့်တည်ခင်းညှော်ခံသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ ရန်ကုန်မြို့ရှိနိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# မဲခေါင်စာပေဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

**ရန်ကုန် အောက်တိုဘာ ၁**

(၁၀)ကြိမ်မြောက် မဲခေါင်စာပေဆုရွေးချယ်ရေး ကော်မတီသည် ပြိုင်ပွဲဝင်စာအုပ်များဖိတ်ခေါ်၍ အပြီးသတ်စိစစ်ရွေးချယ်ခဲ့ရာ ဝတ္ထုရှည်ဆုကို ဖိုးကျော့ရေးသားသည့် "မြေဆီမည်းမည်းသွေးရဲရဲ" (I Gave My Life For Thee) ကလည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ်ဆုကို ကိုရိုးကွန့်ရေးသားသည့် "ဖြောင့်ဖြောင့်စင်းစင်းဝတ္ထုတိုများ" (Straight As Snake and Selected Short Stories)ကလည်းကောင်း ဆုများရရှိကြကြောင်း မြန်မာနိုင်ငံစာရေးဆရာအသင်းက ထုတ်ပြန်ကြေညာထားသည်။

ဗီယက်နမ်၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ မြန်မာနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ပါဝင်သည့် မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများအတွက် ချီးမြှင့်မည့် (၁၀)ကြိမ်မြောက် မဲခေါင်စာပေဆုချီးမြှင့်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် အောက်တိုဘာ ၁၂ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အခမ်းအနားများ ကျင်းပ

**မန္တလေး**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီက မန္တလေးမြို့တော်ခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ဂုဏ်ပြုစကားပြောကြားသည်။

အခမ်းအနားတွင် အသက်(၉၅)နှစ်အထက် သက်ကြီးအဘိုးအဘွားများကို အလှူငွေနှင့် ကန်တော့ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

**ခင်ခင်ဝင်း(ပညာရေး)**

**မုံရွာ**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ဇနီးဒေါ်တင့်တင့်သည် မုံရွာမြို့ သီရိမင်္ဂလာဘိုးဘွားရိပ်သာတွင် တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာနမှ ကြီးမှူးကျင်းပသော အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဘိုးဘွားရိပ်သာများအတွက် မတည်ငွေ နှစ်သိန်းကျပ်နှင့် အဘိုးအဘွားတစ်ဦးလျှင် ငွေကျပ်တစ်သောင်းစီဖြင့် အဘိုးအဘွား ၅၀ အတွက် စုစုပေါင်း ငွေကျပ် ငါးသိန်းတို့ကို အသီးသီးပေးအပ်လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။ **ထွန်းကိုကို(ယင်းမာပင်)**

**မြောင်းမြ**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီက မြောင်းမြခရိုင် လူမှုဝန်ထမ်းရုံး မူလတန်းကြို ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မေတ္တာမွန် ဘိုးဘွားရိပ်သာမှ အဘိုးအဘွားတို့အား ဌာနဆိုင်ရာများ၊ ခရိုင်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များက ကန်တော့ပစ္စည်းများ၊ လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ခဲ့ကြကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

**တောင်ငူ**

အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက တောင်ငူမြို့ ကေတုမတီဘိုးဘွားရိပ်သာ မင်္ဂလာခန်းမ၌ ကျင်းပရာ ကေတုမတီဘိုးဘွားရိပ်သာ အကျိုးဆောင်ကြီးကြပ်ရေးအဖွဲ့ ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်းနှင့် တောင်ငူခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမိုးထက်တို့က အဖွင့်အမှာစကား ပြောကြားသည်။ **ဦးကျော်လှ(တောင်ငူ)**

**မိတ္ထီလာ**

မိတ္ထီလာ၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီက ဝန်ဇင်းရပ်ကွက် မိတ္ထီလာဘိုးဘွားရိပ်သာဓမ္မာရုံတွင် ကျင်းပကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းဌေးက အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ ကျင်းပရခြင်းနှင့်ပတ်သက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး မိတ္ထီလာဘိုးဘွားရိပ်သာအတွက် အလှူရှင်များ စုပေါင်းလှူဒါန်းသည့် လှူဒါန်းငွေကျပ် ၂၀၅၇၀၀၀ ကို ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသင်းအောင်ထံ ပေးအပ်လှူဒါန်းသည်။ **ချမ်းသာ(မိတ္ထီလာ)**

**သီပေါ**

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် အဆင့်မြင့်သက်ကြီး စင်တာအဆောက်အဦခန်းမ၌ ကျင်းပရာ ကျောက်မဲမြို့နယ်ဌာနပေါင်းစုံ အငြိမ်းစားဝန်ထမ်းများအသင်းအတွင်းရေးမှူး ဦးကျော်ဌေးက သက်ကြီးရွယ်အိုများနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို ရှင်းလင်းတင်ပြသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြပြီး အလှူရှင်များက ဘိုးဘွားများအတွက် ဆေးပဒေသာပင် စိုက်ထူရန် အလှူငွေများကို အသင်းအတွင်းရေးမှူး ဦးကျော်ဌေးထံ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **စိုင်း (သီပေါ)**

## (၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားများ ကျင်းပ

**ရန်ကုန်**

၂၀၁၉ ခုနှစ် (၅၅) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အခမ်းအနားကို ကမာရွတ်မြို့နယ် မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်တွင် အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီက ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် မျိုးမင်းထိုက်က ရဲချုပ်၏သဝဏ်လွှာအား ဖတ်ကြားသည်။ ဆက်လက်၍ ဆုရတပ်ဖွဲ့ဝင်များအား ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ဆုများချီးမြှင့်ခဲ့ပြီး ရဲတပ်ဖွဲ့မှ ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းနှင့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ တစ်နှစ်တာလုပ်ငန်းဆောင်ရွက်မှု ဓာတ်ပုံပြခန်းအား ကြည့်ရှုကြသည်။ **ဆန်းကျော်ဦး (ပြန် / ဆက်)**

**လှိုင်ကော်**

၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သည့် (၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုတွင် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အရာထမ်း၊ အမှုထမ်းများအား ဂုဏ်ပြုဆုများ ချီးမြှင့်ခြင်း၊ ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဗီဒီယိုအား ပြသခြင်းများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေက မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၏ သဝဏ်လွှာအား ဖတ်ကြားပြီး ဆုရရဲတပ်ဖွဲ့ဝင်များနှင့် အိမ်ထောင်သည်နေအိမ်လိုင်းခန်းသန့်ရှင်းရေး ဂုဏ်ပြုဆုများချီးမြှင့်ခဲ့သည်။

**ကိုစိုင်း (လွိုင်ကော်)**

**မိုးညှင်း**

ကချင်ပြည်နယ် မိုးညှင်းမြို့ စိမ်းလဲ့ရတနာခန်းမဆောင်တွင် အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီခွဲက (၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးအောင်ဝင်းဦးထံမှ ပေးပို့သော သဝဏ်လွှာကို မိုးညှင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးခန့်ကိုအောင်က ဖတ်ကြားပြီး မှုခင်းရေးရာများနှင့်ပတ်သက်၍ စွမ်းစွမ်းတမံ ဖော်ထုတ်ခဲ့ကြသည့် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများအား ဂုဏ်ပြုဆုများကို ပေးအပ်ကြသည်။ **နီတိုး**

**သီပေါ**

(၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၇ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ရဲတပ်ဖွဲ့ဓမ္မာရုံ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ နှစ်ပတ်လည်အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးနိုင်က ဖတ်ကြားသည်။

ထို့နောက် မြို့နယ်အတွင်း မှုခင်းဖော်ထုတ်မှုများကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်သည့် ရဲတပ်ဖွဲ့ဝင်များနှင့် မှုခင်းကျဆင်းရေးအတွက် ရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပြည်သူများအား ဂုဏ်ပြုဆုများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တစ်ဦးချင်းပေးအပ်သည်။ **စိုင်း(သီပေါ)**

**ကသာ**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် ခရိုင်ရဲတပ်ဖွဲ့မှ ကြီးမှူး၍ (၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီတွင် ကသာမြို့ ရဲရိပ်သာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရဲတပ်ဖွဲ့လုပ်ငန်းများတွင် ထူးချွန်စွာ စွမ်းဆောင်ခဲ့ကြသော ရဲတပ်ဖွဲ့ဝင်များ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ သတင်းမီဒီယာများအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ၂၀၁၉ မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ(စတုတ္ထ)ပွဲစဉ် စတင်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁**

မြန်မာနိုင်ငံ၌ ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေး၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာစေရေး၊ အနာဂတ်တွင် ဂေါက်သီးမျိုးဆက်သစ် လူငယ်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ SAE PAING Development Ltd. မှ အဓိကကူညီပံ့ပိုးမှုဖြင့် ကျင်းပသည့် ၂၀၁၉ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (စတုတ္ထ) ပွဲစဉ်(ရန်ကုန်) ပထမနေ့နှင့် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)၌ ကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ SAE PAING Development Ltd. မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ခဲ့သည်။ **(အပေါ်ပုံ)**



ဖွင့်ပွဲတွင် ရှေးဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများ သတ်မှတ်တီခုံပေါ်တွင် နေရာယူကြပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ ပါမောက္ခဒေါက်တာ ဦးမြင့်မောင်မောင်၊ SAE PAING Development Ltd. ဥက္ကဋ္ဌ ဦးမောင်ဝိတ်၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေ ဥက္ကဋ္ဌ ဦးကိုကိုအေး၊ ရန်ကုန်ဂေါက်ကလပ်အတွင်းရေးမှူး ဦးအောင်ကြည်တို့က အလှည့်ကျဂေါက်သီးရိုက်ကာ ဖွင့်လှစ်ပေးခဲ့သည်။ ယင်းပြိုင်ပွဲတွင် ပညာရှင်အဆင့် ၄၁ ဦး၊ ဝါသနာရှင်အဆင့် (အမျိုးသား) ၁၂၆ ဦး၊ ဝါသနာရှင်အဆင့်(အမျိုးသမီး) ၁၂ ဦး စုစုပေါင်း အားကစားသမား ၁၇၉ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ ပြိုင်ပွဲကို အောက်တိုဘာ ၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။

၂၀၁၉ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် Myanmar Zwe Mann Co., Ltd.၊ MWD Bank၊ Telecom International Myanmar Co., Ltd. (Mytel)၊ SAE PAING Development Ltd.၊ Phyo Si Thu Teak Plantation (Myanmar) & Bago Yoma Eco Resort (Myanmar)၊ INNWA Bank တို့က အဓိကကူညီပံ့ပိုးပေးထားပြီး အားကစားသမားများ သွားလာမှု လွယ်ကူစေရန်အတွက် ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်က အခမဲ့ကူညီပံ့ပိုးပေးထားသည်။ **သတင်း - ဖိုးသော်ဇင်**

**ဓာတ်ပုံ - ဂေါက်သီးအဖွဲ့ချုပ်**

## မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ဓာတ်ပြားနှင့် ဓာတ်ပြားစက်များ လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၁**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ အလှူရှင်များက ခေတ်ဟောင်း(အင်္ဂလိပ်/မြန်မာ)ဓာတ်ပြားများနှင့် ဓာတ်ပြားစက်များအား ဆက်သွယ်လှူဒါန်းလျက်ရှိကြသည်။

ယင်းသို့ လှူဒါန်းကြရာ စက်တင်ဘာ ၁၇ ရက်တွင် မအူပင်မြို့ (၆)ရပ်ကွက် ခိုင်စံပယ်လမ်း အမှတ် (၅၆)နေ ဦးတင်ဝင်း+ဒေါ်ကြည်မိသားစုမှ ကက်ဆက်ခွေ (တရားတော်+တေးစီးရီး) (၁၇၆) ခွေ၊ စက်တင်ဘာ ၁၉ ရက်တွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် သစ္စာလမ်းမကြီး ကန်ပဲ့လမ်း ၁ (ခ)နေ ဒေါ်သီတာထွန်းမိသားစုနှင့် မောင်ဖြစ်သူ ဦးဝင်းမြင့်ထွန်း+ဒေါ်တင်မာရီမိသားစုမှ မြန်မာခေတ်ဟောင်းဓာတ်ပြားအချပ်(၆၀)၊ ဓာတ်ပြားစက် တစ်လုံး၊ စက်တင်ဘာ ၁၉ ရက်တွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုရိပ်မွန် စိန်ပန်းလမ်း အမှတ် (၄) နေ ဦးမြသန်း+ ဒေါ်ဝေဝေပြုံး မိသားစုမှ ကက်ဆက်ခွေ(တရားတော်+တေးစီးရီး+အင်္ဂလိပ်သီချင်း) (၆၉)ခွေ၊ ကက်ဆက်တစ်လုံး၊ Video Receiver တစ်လုံး၊ Satellite Receiver တစ်လုံး၊ စက်တင်ဘာ ၁၉ ရက်တွင် ရန်ကုန်မြို့ ချော်တွင်းကုန်း ပါရမီရိပ်သာ ကန့်ကော်မြိုင်လမ်းသွယ်(၂) အမှတ် (၁၃) နေ ကွယ်လွန်သူ ဒေါ်စိန်စိန်၊ သမီး မချစ်တုန်အား ရည်စူး၍ ဦးခင်မောင်ချိုမိသားစုမှ ကက်ဆက်ခွေ(မြန်မာ+အင်္ဂလိပ်+တေးစီးရီး) (၇၆) ခွေ၊ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဆ-ကရပ်ကွက် ရတနာမြဥ္ဇူလမ်း သုံးလွှာ အမှတ် (၁၈၃) နေ ဦးလွင်အား ရည်စူး၍ သားသမီးမြေးတစ်စုမှ အင်္ဂလိပ်ခေတ်ဟောင်းဓာတ်ပြား ၂၂ ချပ်၊ ရန်ကုန်မြို့ တာမွေမြို့နယ် မေတ္တာညွန့် ဇေယျာသုခလမ်း တိုက် (၁၅၂)နေ ဦးမင်းသိမ်း မိသားစုမှ အင်္ဂလိပ်ခေတ်ဟောင်းဓာတ်ပြား နှစ်ချပ်၊ စက်တင်ဘာ ၂၃ ရက်တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဂမုန်းပွင့်ကွန်ဒို (7.GH) နေ ဦးဇော်ဝေမိသားစုမှ မြန်မာခေတ်ဟောင်းဓာတ်ပြား လေးချပ်၊ အင်္ဂလိပ်ခေတ်ဟောင်းဓာတ်ပြား ၁၃ ချပ်၊ ဓာတ်ပြားစက်တစ်လုံး၊ Sound Box လေးလုံး၊ စက်တင်ဘာ ၂၆ ရက်တွင် ပဲခူးမြို့ နဂါးလိန်ရပ်ကွက် အောင်ရတနာလမ်း အောင်သိုက်ကန်ကျောင်းတိုက်အတွင်းနေ ဆရာလေး ဒေါ်သုစန္ဒာမှ ကက်ဆက်ခွေ (တရားတော်) (၂၆) ခွေ၊ စက်တင်ဘာ ၃၀ ရက်တွင် မင်္ဂလာဒုံမြို့နယ် ကျိုက်ကလို့ဘုရားအနီး စက်မှုလယ်ယာဝန်ထမ်းအိမ်ရာနေ ဒေါ်မြင့်မြင့်ကြည် မိသားစုမှ ကက်ဆက်ခွေ (တရားတော်+တေးစီးရီး) (၂၃၅)ခွေ၊ ရန်ကုန်မြို့ အရှေ့ဒဂုံမြို့နယ် (၃)ရပ်ကွက် ဗိုလ်ဖိုးဝင်း (၃)လမ်း အမှတ် (၁၁၇)နေ ဦးစိုးဝင်းနိုင်မိသားစုမှ အင်္ဂလိပ်ခေတ်ဟောင်းဓာတ်ပြား ၂၁ ချပ်၊ ရန်ကုန်မြို့ သုဝဏ္ဏမြို့နယ် ယင်းမာမြိုင်လမ်း အမှတ် (၈၆/၂)နေ ဒေါက်တာဦးစိုးရ မြို့နယ်ဆရာဝန်ကြီး(အငြိမ်းစား) ပြင်ဦးလွင်အား ရည်စူး၍ တူဖြစ်သူ ဦးမျိုးညွန့်၊ တူမဖြစ်သူ ဒေါ်စန်းစန်းလှဲ့ မိသားစုမှ မြန်မာခေတ်ဟောင်းဓာတ်ပြား ၁၈၅ ချပ်၊ အင်္ဂလိပ်ခေတ်ဟောင်းဓာတ်ပြား ၁၂ ချပ်၊ Tape Recorder တစ်လုံး၊ တရား CD ခွေ အချပ် ၃၀ တို့အားလည်းကောင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုံးခွဲ (ရန်ကုန်)သို့ ဆက်သွယ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ခေတ်ဟောင်း (အင်္ဂလိပ်/မြန်မာ) ဓာတ်ပြားများနှင့် ဓာတ်ပြားစက်များအား ထိန်းသိမ်းထားရှိလိုသဖြင့် လှူဒါန်းလိုသူများရှိပါက ဦးရန်နိုင်ထွန်း လက်ထောက်ညွှန်ကြားရေးမှူး(မှတ်တမ်း) ဖုန်း-၀၆၇-၇၉၂၈၀၀၊ ၀၉-၂၅၂၄၁၂၈၁၃၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော်(တပ်ကုန်း)နှင့် ဦးတင်အုန်း (ဦးစီးအရာရှိ) ဖုန်း-၀၉-၄၂၀၂၅၂၀၆၈၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုံးခွဲ (ရန်ကုန်)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြောက်ကိုရီးယားနှင့် အမေရိကန်တို့ အလုပ်သဘောဆွေးနွေးပွဲများ ကျင်းပမည်



**ပြုံယမ်း အောက်တိုဘာ ၁**
မြောက်ကိုရီးယားနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သည် နျူကလီးယား အပြီးတိုင်ဖျက်သိမ်းရေးနှင့်စပ်လျဉ်း၍ အလုပ်သဘောအဆင့် ဆွေးနွေးပွဲများကို အောက်တိုဘာ ၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း မြောက်ကိုရီးယားက ယနေ့တွင် ပြောကြားခဲ့သည်ဟု အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်က ဖော်ပြထားသည်။

မြောက်ကိုရီးယား ဒုတိယနိုင်ငံခြားရေးဝန်ကြီး ချိုဆွန်ဟွေ၏ အစီရင်ခံစာကို မြောက်ကိုရီးယားနိုင်ငံပိုင် ဗဟိုသတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲအတွက် အောက်တိုဘာ ၄ ရက်တွင် ပဏာမဆက်သွယ်မှုများပြုလုပ်မည်ဖြစ်ကြောင်းလည်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ သို့ရာတွင် မြောက်ကိုရီးယားနှင့် အမေရိကန်တို့အကြား ပြုလုပ်မည့်ဆွေးနွေးပွဲများကို မည်သည့်နေရာတွင် ကျင်းပမည်ဖြစ်ကြောင်း ဖော်ပြထားခြင်း မရှိခဲ့ပေ။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံနှင့် အလုပ်သဘောအဆင့် ဆွေးနွေးပွဲများပြုလုပ်ရန် အသင့်အနေအထားတွင်ရှိကြောင်း မြောက်ကိုရီးယား ဒုတိယနိုင်ငံခြားရေးဝန်ကြီး ချိုက ပြောကြားခဲ့သည်။ အဆိုပါဆွေးနွေးပွဲများသည် မြောက်ကိုရီးယားနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့အကြား အပြုသဘောဆောင်သည့် ဆက်ဆံရေးများ၏ တိုးတက်မှုကို ဖြစ်စေလိမ့်မည်ဟုလည်း ဒုတိယနိုင်ငံခြားရေးဝန်ကြီး ချိုက မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

# ရွှေ့ပြောင်းနေထိုင်သူများ စခန်းမီးလောင် ရွှေ့ပြောင်းနေထိုင်သူ ၁၀၀၀၀ တူရကီသို့ ပြန်ပို့ရန် ဂရိဆန္ဒရှိ



**အေသင် အောက်တိုဘာ ၁**
ဂရိနိုင်ငံ လက်စ်ဘော့စ်ကျွန်းရှိ လူအဆမတန်များပြားသည့် ရွှေ့ပြောင်းနေထိုင်သူများ၏ စခန်းတွင် လူအသေအပျောက်ရှိသည့် မီးလောင်ကျွမ်းမှုနှင့် ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားခဲ့ပြီး နောက်တစ်ရက်အကြာတွင် ယင်းရွှေ့ပြောင်းအခြေချနေထိုင်သူ ထောင်ပေါင်းများစွာကို တူရကီသို့ ပြန်လည်စေလွှတ်မှုများ စတင်ရန် ဆန္ဒရှိကြောင်း ဂရိအစိုးရက စက်တင်ဘာ ၃၀ ရက်တွင် ပြောကြားသည်။

အေဂျီယန် ပင်လယ်အတွင်းရှိ ကျွန်းများပေါ်၌ လူစုလူဝေးဖြင့် ရှိနေသည့် ရွှေ့ပြောင်းအခြေချနေထိုင်သူများ၏ ဖိအားပေးမှုများအားလျှော့ချရေးအတွက် လုပ်ဆောင်ရန် ဂရိအစိုးရနှင့် နိုင်ငံရပ်ခြားအစိုးရများ၏ တာဝန်ရှိသူများက တောင်းဆိုမှုများ ပြုစဉ်အတွင်း ဂရိအစိုးရအဖွဲ့က အရေးပေါ် အစည်းအဝေးကျင်းပကာ ယင်းသို့ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

၂၀၂၀ ပြည့်နှစ်ကုန်တွင် အခြေချနေထိုင်သူဦးရေ ၁၀၀၀၀ ခန့်အား တူရကီနိုင်ငံသို့ ပြန်လည်စေလွှတ်ရန် ဂရိအစိုးရက ဆန္ဒရှိကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

လက်ရှိ ဂရိဝန်ကြီးချုပ် ကာရီယာကော့စ်မီဆိုတာကစ်က ပြောင်းရွှေ့အခြေချနေထိုင်သူများ ဝင်ရောက်မလာနိုင်စေရေးအတွက် အေဂျီယန်ပင်လယ်ပြင်အတွင်း၌ ဂရိရေတပ်မှ ကင်းလှည့်စောင့်ကြပ်မှုများ ပိုမိုပြုလုပ်ရန်၊ ပြောင်းရွှေ့အခြေချနေထိုင်သူများ၏ စခန်းများအား ပိတ်သိမ်းရန်နှင့် ခိုလှုံခွင့်တောင်းခံမှုများအား ငြင်းပယ်ရန် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

စက်တင်ဘာ ၂၉ ရက်က ဖြစ်ပွားခဲ့သည့်ဥရောပ၏အကြီးဆုံးရွှေ့ပြောင်းအခြေချနေထိုင်သူများ နေထိုင်ရာစခန်း၌ မီးလောင်ကျွမ်းမှုတွင် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း ဂရိတာဝန်ရှိသူများက အတည်ပြုပြောကြားခဲ့သည်။ ယင်းမီးလောင်ကျွမ်းမှုကြောင့် ကလေး နှစ်ဦး အပါအဝင် အခြား လူ ၁၇ ဦး ဒဏ်ရာရခဲ့ပြီး ဆေးရုံသို့ လွှဲပြောင်း ပို့ဆောင်ပေးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကားအေအက်ဖ်ပီ**
**ဘာသာပြန်-ဇော်ဝင်း**

# နျူကလီးယားလက်နက်များ အပြီးတိုင်ဖျက်သိမ်းရေး ပုပ်ရဟန်းမင်းကြီး ဖရန့်စစ်က ဂျပန်နိုင်ငံခရီးစဉ်၌ တောင်းဆိုဖွယ်ရှိ

**တိုကျို အောက်တိုဘာ ၁**
ပုပ်ရဟန်းမင်းကြီး ဖရန့်စစ်သည် ၎င်း၏ အလည်အပတ်သွားရောက်ရန် စီစဉ်ထားသည့် ဂျပန်နိုင်ငံ နာဂါဆာကီမြို့ ခရီးစဉ်အတွင်း နျူကလီးယားလက်နက်များ အပြီးတိုင်ဖျက်သိမ်းရေး တောင်းဆိုမည့် သတင်းစကားတစ်ခုကို ထုတ်ဖော်ပြောကြားဖွယ်ရှိကြောင်း ယနေ့တွင် အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်က ဖော်ပြထားသည်။

ပုပ်ရဟန်းမင်းကြီးသည် ၎င်း၏ လေးရက်ကြာ ဂျပန်နိုင်ငံခရီးစဉ်အတွင်း အဏုမြူဗုံးဒဏ်သင့်ခဲ့သည့် ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့များသို့ သွားရောက်မည်ဖြစ်ကြောင်းနှင့် ပုပ်ရဟန်းမင်းကြီး၏ ခရီးစဉ်သည် နိုဝင်ဘာ ၂၃ ရက်တွင် စတင်မည်ဖြစ်ကြောင်း ဗာတီကန်က ပြီးခဲ့သည့်လတွင် ကြေညာခဲ့သည်။

ပုပ်ရဟန်းမင်းကြီး ဖရန့်စစ်သည် နိုဝင်ဘာ ၂၄ ရက်တွင် နာဂါဆာကီသို့ သွားရောက်မည်ဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**



# မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အိန္ဒိယနိုင်ငံ၌ သေဆုံးသူဦးရေ ၁၄၀ နီးပါးအထိ မြင့်တက်လာ

**ပတ္တနာ(ဘီဟာ) အောက်တိုဘာ ၁**
မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အိန္ဒိယနိုင်ငံ အရှေ့ပိုင်းရှိ ဆေးရုံများနှင့် စာသင်ကျောင်းများတွင် ညစ်ညမ်းသောရေများဖြင့် လွှမ်းမိုးခဲ့ပြီး သေဆုံးသူ ဦးရေလည်း ၁၃၉ ဦးအထိ မြင့်တက်လာကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ယနေ့ ပြောကြားသည်။



အိန္ဒိယနိုင်ငံ၌ လတ်တလော ရွာသွန်းလျက်ရှိသော မုတ်သုံမိုးသည် ၁၉၉၄ ခုနှစ်ကတည်းက အပြင်းထန်ဆုံးဖြစ်ပြီး သတ်မှတ်ထားသည့် ပုံမှန်အဆင့်ကို ကျော်လွန်သွားကာ ပုံမှန်ထက် ကြာရှည်သွားကြောင်း အိန္ဒိယမိုးလေဝသဌာန၏ ပြောကြားချက်အရ သိရသည်။

အဆိုပါမုတ်သုံမိုးကြောင့် လေးရက်တာအတွင်း အိန္ဒိယနိုင်ငံ ဥတ္တာပရာဒေ့ရှ်ပြည်နယ်တွင် လူ ၁၁၁ ဦး၊ အိမ်နီးချင်း ဘီဟာပြည်နယ်တွင် လူ ၂၈ ဦး အသက်ဆုံးရှုံးခဲ့သည်။

ဥတ္တာပရာဒေ့ရှ်ပြည်နယ် ဘာလ်လီယာခရိုင်ရှိ အကျဉ်းထောင်တစ်ခုသည် ရေလွှမ်းမိုးခြင်းခံခဲ့ရပြီး အကျဉ်းသားများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအတွက် တာဝန်ရှိသူများအနေဖြင့် အဆိုပါ အကျဉ်းထောင်မှ အကျဉ်းသား ၉၀၀ ခန့်ကို အခြားနေရာသို့ ပြောင်းရွှေ့ပေးမည်ဖြစ်သည်။

လူဦးရေ နှစ်သန်းခန့် နေထိုင်ရာ ဘီဟာပြည်နယ်မြို့တော် ပတ္တနာမြို့ရှိ ပြည်သူများသည် ရေကြီးရေလျှံမှုဒဏ်မှ လွတ်မြောက်နိုင်ရေးအတွက် အသက်ကယ်လှေများကို အသုံးပြုလျက်ရှိကြသည်။ သဘာဝဘေးစီမံခန့်ခွဲရေးဌာနမှ တာဝန်ရှိသူများသည် နွားနို့၊ ငှက်ပျောသီးများနှင့် ရေသန့်ဘူးများကို လေထိုးလှေများပေါ်တွင် ရေဘေးသင့်ပြည်သူများအား ဖြန့်ဝေပေးလျက်ရှိကြသည်။

မိုးရွာသွန်းမှု လျော့နည်းသွားသော်လည်း ပတ္တနာမြို့ရှိ နေရာအများအပြားတွင် ရေလွှမ်းမိုးနေဆဲဖြစ်သဖြင့် တချို့သော ဆိုင်များနှင့် စာသင်ကျောင်းများလည်း ပိတ်ထားဆဲဖြစ်သည်။

ပုံမှန်အားဖြင့် မုတ်သုံမိုးသည် အိန္ဒိယနိုင်ငံ၌ နှစ်စဉ် ဇွန်လမှ စက်တင်ဘာလအထိ ကြာမြင့်လေ့ရှိသော်လည်း ယခုနှစ် မုတ်သုံမိုးသည် ပုံမှန်အဆင့်ထက်ကျော်လွန်ပြီး ဒေသအတွင်း ပျက်စီးဆုံးရှုံးမှု အကြီးအကျယ်ဖြစ်ပွားစေခဲ့သည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ဂျေတီ**

# တောင်ကိုရီးယားဂျက်တိုက်လေယာဉ် ဂျပန်ပင်လယ်တွင်းရှိ တာကဲရှီမကျွန်းစုအပေါ် ဖြတ်ကျော်ပျံသန်း

**တိုကျို အောက်တိုဘာ ၁**
ဂျပန်ပင်လယ်အတွင်းရှိ တာကဲရှီမကျွန်းစုအပေါ်သို့ အောက်တိုဘာ ၁ ရက်တွင် တောင်ကိုရီးယားလေတပ်မှအက်ဖ်-၁၅ အမျိုးအစား ဂျက်တိုက်လေယာဉ်တစ်စင်း ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း၊ ယင်းသို့ ပျံသန်းခြင်းမှာ တောင်ကိုရီးယားတပ်မတော် တည်ထောင်သည့် အထိမ်းအမှတ်နေ့ အခမ်းအနား၏ တစ်စိတ်တစ်ဒေသဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

ယင်းကျွန်းစုကို တောင်ကိုရီးယားနိုင်ငံက ထိန်းချုပ်ထားပြီး ဂျပန်နိုင်ငံကလည်း ပိုင်ဆိုင်သည်ဟု ပြောကြားထားသည်။

တောင်ကိုရီးယားတပ်မတော်၏ နှစ်ပတ်လည် အထိမ်းအမှတ် အခမ်းအနားကို နိုင်ငံတောင်ပိုင်းရှိ ဒေဂူးမြို့ရှိ လေတပ်အခြေစိုက်စခန်းတစ်ခု၌ အောက်တိုဘာ ၁ ရက်တွင် ကျင်းပခဲ့သည်။

ယင်းအခမ်းအနားတွင် အမေရိကန်ပြည်ထောင်စုမှ မကြာသေးမီက ရောက်ရှိလာသည့် အက်ဖ်-၃၅ ရေဒါကွင်းရှောင်နိုင်သည့် ခေတ်မီဂျက်တိုက်လေယာဉ်အား တောင်ကိုရီးယား စစ်ဘက်မှ ပထမဆုံးအကြိမ်အဖြစ် ထုတ်ဖော်ပြသခဲ့သည်။

အခမ်းအနားတွင် တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းက မိန့်ခွန်းပြောကြားရာ၌ တောင်ကိုရီးယားတပ်မတော်၏ လုံခြုံရေးထိန်းသိမ်းမှုက တွေ့ဆုံဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ထောက်ပံ့ပေးပြီး ထာဝရငြိမ်းချမ်းရေးကို ဦးတည်လျက် ရဲဝံ့စွာလျှောက်လှမ်းနိုင်စေကြောင်း ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံမြို့တော် တိုကျိုတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အာရှဒေသနှင့် သမုဒ္ဒရာ ကျွန်းစုများဆိုင်ရာ ဗျူရိုညွှန်ကြားရေးမှူးချုပ် ရှိဂေကီတာကီက တောင်ကိုရီးယားသံရုံးမှ တာဝန်ရှိသူ ကင်ကျောင်ဟန်အား ဆင့်ခေါ်ကာ ယင်းသို့လေယာဉ်ပျံသန်းမှုကို ကန့်ကွက်ကြောင်း ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ဇော်ဝင်း**

# အဆင့်အမြင့်ဆုံး ဒေါင်ဖန်း-၄၁ တိုက်ချင်းပစ် မဟာဗျူဟာမြောက် နျူကလီးယားဒုံးကျည်များ တရုတ် ထုတ်ဖော်ပြသ




**ပေကျင်း အောက်တိုဘာ ၁**

တရုတ်နိုင်ငံ ပေကျင်းမြို့လယ်တွင် အင်္ဂါနေ့က ကျင်းပသည့် အမျိုးသားနေ့စစ်ရေးပြပွဲတွင် နိုင်ငံ၏ အဆင့်မြင့်ဆုံး၊ ဟန့်တားနိုင်မှု စွမ်းအားအမြင့်ဆုံး ဒေါင်ဖန်း-၄၁ တိုက်ချင်းပစ် မဟာဗျူဟာမြောက် နျူကလီးယားဒုံးကျည်များကို ထုတ်ဖော်ပြသခဲ့သည်။

ဒေါင်ဖန်း- ၄၁ တိုက်ချင်းပစ် မဟာဗျူဟာမြောက် နျူကလီးယားဒုံးကျည်များကို သယ်ဆောင်သည့် ပုံစံသစ် မဟာဗျူဟာမြောက် နျူကလီးယားဒုံးကျည်ပစ် ကိရိယာ ၁၆ ခုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် နှစ် ၇၀ ပြည့် နှစ်ပတ်လည်အခမ်းအနားအဖြစ် ကျင်းပသည့် အလွန်ကြီးမားသည့် စစ်ရေးပြပွဲကြီးကျင်းပရာ တိနံ့အန်မင် ရင်ပြင်ကို ဖြတ်သန်းသွားခဲ့သည်။

တရုတ်နိုင်ငံ၏ မဟာဗျူဟာမြောက် နျူကလီးယား လက်နက်စွမ်းရည်၏ အဓိကအစိတ်အပိုင်းဖြစ်သည့် ဒေါင်ဖန်း-၄၁ ဒုံးကျည်များသည် မဟာဗျူဟာမြောက် အင်အားချိန်ညှိမှု၊ ဟန့်တားထိန်းချုပ်မှု၊ ပြတ်သားသည့် အောင်ပွဲရယူမှုအတွက် အလွန်အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်သည်ဟု သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ဇော်လင်း**

# ရုရှားက တိုက်ချင်းပစ်ဒုံးကျည် အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်

**မော်စကို အောက်တိုဘာ ၁**

ရုရှားနိုင်ငံသည် ၎င်း၏ Topol-M အမျိုးအစား တိုက်ချင်းပစ်ဒုံးကျည်ကို နိုင်ငံ၏မြောက်ဘက် အာခန်ဂျဲလ်စ်ခ်ဒေသရှိ ပလဆက်ခ် ဒုံးပစ်ကွင်းမှ စက်တင်ဘာ ၃၀ ရက်တွင် အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။



အတုဖြင့် ပြုလုပ်ထားသော ဒုံးကျည်ထိပ်ဖူးသည် ပလဆက်ခ် ဒုံးပစ်ကွင်းမှ ကီလိုမီတာ ၅၅၀၀ ကျော်ရှိ အကွာအဝေးကို ဖြတ်သန်းကာ ကမ်ချက်ကာကျွန်းဆွယ်ပေါ်ရှိ သတ်မှတ်ထားသည့် ပစ်မှတ်ကို အောင်မြင်စွာ ထိမှန်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ အသံလွှင့်ဌာနက ကြေညာသည်။

အဆိုပါ ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုသည် ရုရှားမဟာဗျူဟာ ဒုံးကျည်တပ်ဖွဲ့အနေဖြင့် Topol-M တိုက်ချင်းပစ်ဒုံးကျည်ကို တိုက်ပွဲတွင် အဆင်သင့်အသုံးပြုနိုင်မည်ကို နောက်တစ်ကြိမ် အသိအမှတ်ပြုခြင်းပင်ဖြစ်ကြောင်း အသံလွှင့်ဌာနက ထပ်မံဖော်ပြထားသည်။

Topol-M တိုက်ချင်းပစ် ဒုံးကျည်သည် အလေးချိန် ကီလိုတန် ၅၅၀ ရှိ ဒုံးကျည်ထိပ်ဖူးကို တင်ဆောင်ခြင်းနှင့်အတူ ကီလိုမီတာ ၁၁၀၀၀ ခန့် ဝေးကွာသည့် ပစ်မှတ်များကို ထိရောက်စွာ တိုက်ခိုက်နိုင်စွမ်းရှိကြောင်း သိရသည်။

သို့သော် ရုရှားနိုင်ငံသည် Topol-M တိုက်ချင်းပစ် ဒုံးကျည်များနေရာတွင် Yars တိုက်ချင်းပစ် ဒုံးကျည်များဖြင့် တဖြည်းဖြည်းချင်း အစားထိုးလဲလှယ်သွားမည်ဖြစ်ကြောင်း ရုရှားအာဏာပိုင်များက ပြောကြားသည်။

ရုရှား၏ Yars အမည်ရှိ တိုက်ချင်းပစ် ဒုံးကျည်ကို ၂၀၀၇ ခုနှစ်က ပထမအကြိမ် စမ်းသပ်ပစ်လွှတ်ခဲ့သည်။ အဆိုပါ ဒုံးကျည်သည် အကွာအဝေး ကီလိုမီတာ ၁၁၀၀၀ နှင့် ၁၂၀၀၀ အကြားရှိ ပစ်မှတ်များကို ထိရောက်စွာ တိုက်ခိုက်နိုင်စွမ်းရှိပြီး အလေးချိန် ကီလိုတန် ၁၀၀ နှင့် ၃၀၀ အကြားရှိ ဒုံးကျည်ထိပ်ဖူး ခြောက်လုံးနှင့် ၁၀ လုံးအကြား တင်ဆောင်နိုင်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# လူနေထူထပ်မှုနှင့် မီးခိုးမြူပြဿနာကြောင့် မြို့တော်ပြောင်းရွှေ့ရေး ထိုင်းအစိုးရ စဉ်းစား

**ဗန်ကောက် အောက်တိုဘာ ၁**

အင်ဒိုနီးရှားနှင့်မြန်မာကဲ့သို့ ထိုင်းနိုင်ငံ၏ မြို့တော်ကို ဗန်ကောက်မှ အခြားတစ်နေရာသို့ ပြောင်းရွှေ့ရေးမှာ လက်ရှိအစိုးရလက်ထက်တွင် ဖြစ်နိုင်ဖွယ်ရှိကြောင်း ထိုင်းဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာက ပြောကြားလိုက်သည်။

ပထမအချက်မှာ လက်ရှိနေရာမှ သိပ်မဝေးသလို အကုန်အကျမများသည့် မြို့တော်တစ်ခု ရှာဖွေရန်ဖြစ်ပြီး ဒုတိယအချက်မှာ လူနေသိပ်သည်းမှုလျှော့ချရန် ဗန်ကောက် မြို့တော်အပြင်ဘက်သို့ ရွှေ့ပြောင်းရေးဖြစ်ကြောင်း Connecting Thailand with the World Conference ၌ ဝန်ကြီးချုပ် ချန်အိုချာက ပြောကြားသည်။ တစ်ခါတစ်ရံ ဗန်ကောက် မြို့တော်တစ်ခုလုံးနီးပါး ဖုံးလွှမ်းနေသည့် မီးခိုးမြူပြဿနာမှာ မြို့တော်နေပြည်သူများ၏ ကျန်းမာရေးအတွက် အဓိက စိုးရိမ်စရာအချက်တစ်ခုဖြစ်သည်။ စက်တင်ဘာ ၃၀ ရက်တွင် ဗန်ကောက်မြို့တော်၌ မီးခိုးမြူများ ဆိုးဆိုးရွားရွား ဖုံးလွှမ်းခဲ့ရာ လေထုအတွင်း ကျန်းမာရေးနှင့်မညီညွတ်သည့် အမှုန်များကြောင့် မျက်နှာဖုံးများတပ်ဆင်ကြရန် ဝန်ကြီးချုပ် ချန်အိုချာက သတိပေးခဲ့သည်။

စက်ရုံများ၊ ဆောက်လုပ်ရေးလုပ်ငန်းများက လေထုညစ်ညမ်းမှု တိုက်ဖျက်ရေးဆောင်ရွက်မှုများတွင် ပူးပေါင်းဆောင်ရွက်ကြရန် ၎င်းက တောင်းဆိုခဲ့သည်။ လာမည့်ရက်အနည်းငယ်အထိ မီးခိုးမြူဖုံးလွှမ်းမှုက အမြင့်ဆုံးအဆင့်ထိ ဆက်လက်ရှိနေမည်ဖြစ်ရာ လေထုညစ်ညမ်းမှု တိုက်ဖျက်ရေးကြိုးပမ်းမှုများ တွင်ကျယ်စွာလုပ်ဆောင်ရန် ချန်အိုချာက အစိုးရဌာနများသို့ တိုက်တွန်းခဲ့သည်။ လူနေထူထပ်မှုနှင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုမှာလည်း စိုးရိမ်ဖွယ်ရာကိစ္စဖြစ်သည်။ ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ကလည်း မြို့တော်ကို ဗန်ကောက်မှ ၆၃ မိုင်ကွာဝေးသည့် နခွန်နာယောခ်သို့ ပြောင်းရွှေ့ရန် အဆိုပြုခဲ့ဖူးသည်။

မြို့တော်ပြောင်းရွှေ့ရေးနှင့်ပတ်သက်၍ ကန့်ကွက်မှုအချို့လည်း ရှိနေသည်။ မြို့တော်ပြောင်းရွှေ့ရေးမှာ ကြီးမားသော ပြဿနာတစ်ရပ်ဖြစ်ပြီး ဌာနအသီးသီး၏ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ကြောင်း ထိုင်းနိုင်ငံအမျိုးသားစီးပွားရေးနှင့် လူမှုဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ကိုးကား-နယူးဝိခ်၊ဘာသာပြန် - ကျော်ထိုက်စိုး**

# တရုတ်(တိုင်ပေ) ၌ တံတားပြိုကျ၊ ၁၄ ဦးထက်မနည်း ဒဏ်ရာရ

**တရုတ်(တိုင်ပေ) အောက်တိုဘာ ၁**

တရုတ်(တိုင်ပေ) အရှေ့မြောက်ပိုင်း၌ ယနေ့ နံနက်ပိုင်းက တံတားတစ်စင်းပြိုကျခဲ့ကာ လူ ၁၄ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ပြီး အဆိုပါတံတားမှာ ငါးဖမ်းလှေများအပေါ်သို့ပြိုကျခဲ့ရာ လောင်စာဆီတင် သင်္ဘောတစ်စင်းနစ်မြုပ်သွားခဲ့သည်။ တရုတ်(တိုင်ပေ) အရှေ့ပိုင်း ကမ်းခြေရှိ နန်ဖန်ဂေါင်၌ မီတာ ၁၄၀ အရှည်ရှိ အဆိုပါတံတားပြိုကျခဲ့ပုံကို စီစီတီဗွီရုပ်သံများက အမိအရရိုက်ကူးခဲ့သည်။

အသေးစားငါးဖမ်းလှေဆိပ်တစ်ခုနှင့် ပေါင်းကူးထားသည့် ပြိုကျခဲ့သောတံတားအောက် လောင်စာဆီတင် သင်္ဘောတစ်စင်း ဖြတ်သန်းတော့မည်ပုံကို စီစီတီဗွီရုပ်သံတွင် မြင်တွေ့နိုင်သည်။ လူ ၁၄ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့မှ တာဝန်ရှိသူများက ပြောကြားသည်။ ဆေးရုံသို့ပို့ဆောင်ခဲ့သည့် ဒဏ်ရာရရှိသူများတွင် လောင်စာဆီတင်သင်္ဘော မောင်းနှင်သူလည်းပါဝင်ကြောင်း ဒေသခံမီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများကပြောသည်။ နောက်ထပ်ဒဏ်ရာရရှိသူ သို့မဟုတ် ပျောက်ဆုံးသူ ရှိ၊ မရှိ ရှာဖွေရန် ကယ်ဆယ်ရေးလုပ်ငန်းတစ်ရပ် လုပ်ဆောင်ခဲ့ကြောင်း တရုတ်(တိုင်ပေ)သမ္မတ ဆိုင်အင်ဝမ်က ပြောကြားသည်။ ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေဖို့ အချိန်တို အတွင်း ဖြစ်စဉ်မှာပါဝင်တဲ့သူတွေ အားလုံးကို အန္တရာယ်ကင်းကင်း ကယ်ဆယ်ဖို့ မျှော်လင့်ပါတယ်ဟု ၎င်းက ပြောသည်။



အဆိုပါတံတားကို ၁၉၉၈ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး တံတားပြိုကျရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ တရုတ်(တိုင်ပေ)အရှေ့ပိုင်း၌ ယမန်နေ့ ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများ ဖြစ်ပွားခဲ့သော်လည်း တံတားပြိုကျချိန်တွင် ရာသီဥတုကောင်းမွန်ကြောင်း သိရသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန် - ကျော်ထိုက်စိုး**

KBZ BANK
KBZ BANK ၏ ပူးပေါင်းကူညီမှုဖြင့်
အိမ်ခြံမြေ ကုမ္ပဏီများစုပေါင်း၍ အိမ်ရာပေါင်းများစွာပြသမည့် အိမ်ခြံမြေ အရောင်းပြပွဲကြီး
ရွှန်းလဲ့ရောင်ခြည်
ရွှေဥဒေါင်းမင်း
ထက်အောင်သျှိုင်း
MYANMAR RAY
မင်းမဟာ
ဇလပ်ပွင့်
နေ့ရက် - ၅.၁၀.၂၀၁၉(စနေနေ့)/ ၆.၁၀.၂၀၁၉(တနင်္ဂနွေနေ့)
အချိန် - နံနက် ၉း၃၀ နာရီမှ ညနေ ၅း၃၀ နာရီ
နေရာ - KBZ Bank၊ ဒေါပုံဘဏ်ခွဲ၊ အမှတ်(၄၆၅၊၄၆၇၊၄၆၉)၊ မင်းနန္ဒာလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်။ (ဒေါပုံ Capital Hyper Market အနီး)

# မြစ်ကြီးနားၛ မဏ္ဍိုင်လေးရပ်တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

**မြစ်ကြီးနား အောက်တိုဘာ ၁**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ(Myanmar Press Council)က ဦးဆောင်၍ မဏ္ဍိုင်လေးရပ် တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီက မြစ်ကြီးနားမြို့ ရောရပ်ကွက် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး မေခခန်းမၛ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းကြိုင်(ဟံသာဝတီဦးအုန်းကြိုင်)က မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ လုပ်ငန်းတာဝန်များနှင့် မဏ္ဍိုင်ကြီးသုံးရပ်၏ ဆောင်ရွက်ချက်များ တည့်မတ်မှန်ကန်စေရန် သတင်းမီဒီယာများက ရေးသားဖော်ပြပေးနေမှုများနှင့် သတင်းမီဒီယာအခန်းကဏ္ဍတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဒိန်ခန်ဖုန်(ခ) ခန်လင်နှင့် ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာတို့က ပြည်နယ်အစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ပြည်နယ်လွှတ်တော်က



တရားဥပဒေပြုရေးဆိုင်ရာကဏ္ဍများနှင့် တရားစီရင်ရေးဆိုင်ရာ ကဏ္ဍများတွင် အများပြည်သူသိသင့်သိထိုက်သည့် သတင်းအချက်အလက်များကို ထုတ်ပြန်ပေးနိုင်ရေး ကချင်ပြည်နယ်အတွင်းရှိ သတင်းမီဒီယာများနှင့် ပေါင်းစပ်ဆောင်ရွက်နေမှုများ၊ ကန့်သတ်ချက်များရှိသည့် သတင်းအချက်အလက်များကို ဥပဒေ၊ နည်းဥပဒေများအတိုင်း ကန့်သတ်ထားရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ(MPC)မှအတွင်းရေးမှူး ဦးကျော်စွာမင်းက မဏ္ဍိုင်ကြီးလေးရပ်တွေ့ဆုံဆွေးနွေးပွဲဖြစ်ပေါ်လာပုံနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသည့် သတင်းမီဒီယာများက မေးမြန်းဆွေးနွေးသည့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားရေးဆိုင်ရာကဏ္ဍများကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဒေါက်တာမျိုးသန့်တင်က မဏ္ဍိုင်လေးရပ်တွေ့ဆုံဆွေးနွေးပွဲ ကျင်းပနိုင်မှုနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားပြီး တက်ရောက်လာသူများနှင့် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်/ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကချင်ပြည်နယ်အတွင်းရှိ ရုပ်/သံ၊ သတင်းစာ၊ ဂျာနယ်တိုက်အသီးသီးမှ သတင်းထောက်များ၊ ပြည်တွင်း၊ ပြည်ပမီဒီယာများမှ သတင်းထောက်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## UNICEF မြန်မာမှ မြို့နယ်ပြည်သူ့စာကြည့်တိုက်များသို့ ကလေးစာပေ စာအုပ်များလှူဒါန်း

**ငါ့သရောက် အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်နှင့် ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်/မြို့နယ် ပြည်သူ့စာကြည့်တိုက်များသို့ အောက်တိုဘာ ၁ ရက်တွင် UNICEF က ကလေးစာပေ(တိုင်းရင်းသားပုံပြင်)စာအုပ်များ အခမဲ့ လှူဒါန်းပေးခဲ့ကြောင်း မြင်းခြံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထံမှ သိရသည်။

အဆိုပါ UNICEF က ကလေးစာဖတ်ရုပ်ပြစာအုပ်များ လှူဒါန်းရာတွင် မြင်းခြံခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်အတွက် ကလေးစာပေ(တိုင်းရင်းသားပုံပြင်) စာအုပ် ၁၀၀၀၊ ညောင်ဦးခရိုင် သုံးမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်အတွက် ကလေးစာပေ(တိုင်းရင်းသားပုံပြင်) စာအုပ် ၇၅၀ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

UNICEF မြန်မာက ကလေးစာပေ(တိုင်းရင်းသားပုံပြင်)စာအုပ်များ အခမဲ့ လှူဒါန်းရခြင်းရည်ရွယ်ချက်မှာ အသက်ငါးနှစ်အောက်ကလေးငယ်များ စာအုပ်စာပေချစ်မြတ်နိုးလာစေရန်နှင့် တိုင်းရင်းသားကလေးငယ်များအနေဖြင့် မိခင်ဘာသာစကားတတ်မြောက်မှုမြှင့်တင်ရန်နှင့် ရုံးသုံးဘာသာစကားဖြစ်သော မြန်မာစာပေ၊ မြန်မာစကားများကိုလေ့လာရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်လှူဒါန်းခြင်းဖြစ်ကြောင်း ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မင်းဦးက ပြောသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တစ်တိုက်လျှင် ကလေးစာပေ(တိုင်းရင်းသားပုံပြင်) စာအုပ် ၂၅၀ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ကိုထိန်(ငါ့သရောက်)**

**❖ တရုတ်(တိုင်ပေ)မှ**

ဒုတိယဆုရရှိခဲ့သည်။ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲတွင် အိမ်ရှင်တရုတ်(တိုင်ပေ)အသင်းက ဂျီဘရော်တာအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး ချန်ပီယံဖြစ်ခဲ့သည်။

မြန်မာအသင်းသည် ဟောင်ကောင်ကို ဂိုးပြတ်အနိုင်ရခဲ့သောကြောင့် ဒုတိယရခဲ့ခြင်းဖြစ်ပြီး တရုတ်(တိုင်ပေ)အသင်းမှာမူ သုံးပွဲစလုံးအနိုင်ရသောကြောင့် ချန်ပီယံဆုရခဲ့သည်။ မြန်မာအသင်းသည် ယခုပွဲတွင် ကစားပုံပိုကောင်းခဲ့ပြီး ဟောင်ကောင်အသင်းကို ဂိုးဒါဇင်ဝက်သွင်းယူကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဟောင်ကောင်အသင်းမှာမူ သုံးပွဲစလုံး အရေးနိမ့်ခဲ့သည်။

**တိုက်စစ်ဖွင့်ကစား**

မြန်မာအသင်းသည် စည်သူမိုးခန့်၊ ပြည့်စုံနိုင် စသည့် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် လေးဂိုးသွင်းယူကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ခြောက်မိနစ်မှာပင် လမင်းထွေးက အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း ကစားပုံပိုကောင်းလာပြီး ၃၃ မိနစ်တွင် မြန်မာအသင်း ဒုတိယဂိုးထပ်ရခဲ့ပြီး ပြည့်ဖြိုးအောင်က သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင်မူ မြန်မာအသင်းက ပိုဖိကစားနိုင်သလို ဂိုးသွင်းခွင့်များလည်း ပိုရခဲ့သည်။ ပြည့်စုံနိုင်က ၄၉၊ ၆၃ မိနစ်တွင် နှစ်ဂိုးထပ်မံသွင်းယူခဲ့သလို မြန်မာအသင်းအတွက် နောက်ထပ်အနိုင်ဂိုးများကို ၇၉ မိနစ်တွင် မိုးဆွေ၊ ၈၇ မိနစ်တွင် ဝေယံစိုးတို့က သွင်းယူခဲ့သည်။ ဟောင်ကောင်အသင်းမှာမူ ဂျီဘရော်တာ၊ တရုတ်(တိုင်ပေ)တို့နှင့်ပွဲများတွင် ဂိုးသွင်းယူနိုင်သော်လည်း ယခုပွဲတွင် သွင်းဂိုးမရှိဘဲ ဂိုးပြတ်အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

**ချန်ပီယံဖြစ်**

ပြိုင်ပွဲအပြီးတွင် တရုတ်(တိုင်ပေ)အသင်းက သုံးပွဲစလုံးအနိုင်ရကာ ကိုးမှတ်ဖြင့် ချန်ပီယံဖြစ်ခဲ့ပြီး မြန်မာအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ ခြောက်မှတ်ဖြင့် ဒုတိယ၊ ဂျီဘရော်လ်တာအသင်းက တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး သုံးမှတ်ဖြင့် တတိယရခဲ့သည်။ ဟောင်ကောင်အသင်းမှာမူ သုံးပွဲစလုံးရှုံးနိမ့်ကာ ဇယားအောက်ဆုံးသို့ ရောက်ရှိခဲ့သည်။

**ရှိုင်းထက်ဇော်**

**❑ မြန်မာယူ-၁၉ မှ**

နှစ်ပွဲကစားမည်ဖြစ်ပြီး အောက်တိုဘာ ၁၆ ရက်တွင် အား/ကာသိပွဲအသင်း၊ အောက်တိုဘာ ၁၈ ရက်တွင် မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး) ယူ-၁၄ အမျိုးသားအသင်းတို့နှင့် ခြေစမ်းကစားမည်ဖြစ်သည်။ ၂၀၁၉ အာရှယူ-၁၉ အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်ကို အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၉ ရက်အထိ ထိုင်းနိုင်ငံၛ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က)တွင် အိမ်ရှင်ထိုင်း၊ မြောက်ကိုရီးယား၊ ဩစတြေးလျ၊ ဗီယက်နမ်၊ အုပ်စု (ခ)တွင် လက်ရှိချန်ပီယံ ဂျပန်၊ တရုတ်၊ တောင်ကိုရီးယားနှင့် မြန်မာအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ပထမအဆင့်ခြေစစ်ပွဲ၊ ၂၀၁၉ ခုနှစ် ဧပြီလတွင် ဒုတိယအဆင့်ခြေစစ်ပွဲတို့ယှဉ်ပြိုင်ခဲ့ပြီး နှစ်ဆင့်စလုံးကျော်ဖြတ်ကာ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

**အပြီးသတ်ရွေးချယ်မည်**

မြန်မာအမျိုးသမီးအသင်း နည်းပြချုပ် ဒေါ်သက်သက်ဝင်းသည် ယင်းခြေစမ်းပွဲလေးပွဲပြီးမှ အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်မည်ဖြစ်သည်။ မြန်မာယူ-၁၉အမျိုးသမီးအသင်းကိုကစားသမား၂၈ဦးဖြင့်ဖွဲ့စည်းထားပြီး ဇူလိုင် ၁ ရက်တွင် စခန်းဝင်လေ့ကျင့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် သုံးလကျော်အတွင်း နိုင်ငံတကာခြေစမ်းပွဲတစ်ပွဲအပါအဝင် ပြည်တွင်းခြေစမ်းပွဲများ ကစားထားပြီး နောက်ဆုံးကစားထားသည့် လက်ရွေးစင်အမျိုးသမီးအသင်းနှင့်ခြေစမ်းပွဲတွင် သုံးဂိုး-နှစ်ဂိုးဖြင့်သာ ရှုံးနိမ့်ခဲ့သည်။

**သတင်း- ရှိုင်းထက်ဇော်**
**ဓာတ်ပုံ- စိုးညွန့်**

## ခိုင်ကမ်းၛ ဆိုင်ကယ်တစ်စီး လမ်းဘေးဓာတ်တိုင်ဝင်တိုက်၊ တစ်ဦးသေ

**ခိုင်ကမ်း အောက်တိုဘာ ၁**

ချင်းပြည်နယ် ခိုင်ကမ်းမြို့ၛ ကလေးမြို့မှ မောင်းနှင်လာသော ဆိုင်ကယ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ ဓာတ်တိုင်ဝင်တိုက်မိ၍ နောက်မှလိုက်ပါလာသူ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကလေးမြို့ လှိုင်သာယာရပ်ကွက်မှ ကလေး-တီးတိန် ကားလမ်းအတိုင်း ကျင့်ခန့်မုန် မောင်းနှင်လာသော ဆိုင်ကယ်သည် စက်တင်ဘာ ၃၀ ရက် ညနေ ၄ နာရီ မိနစ် ၅၀ တွင် ခိုင်ကမ်းမြို့အဝင် အမှတ်(၁)ရပ်ကွက် တံတားအနီးတွင် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ ဓာတ်တိုင်အားတိုက်မိ၍ နောက်မှလိုက်ပါလာသူသည် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ယာဉ်မောင်းအား(စိုးရိမ်ရ)ဒဏ်ရာဖြင့် ကလေးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**ခိုင်ကမ်း(ပြန်/ဆက်)**



## မတ္တရာနှင့် ပင်လည်ဘူးမြို့နယ်တို့တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ စက်တင်ဘာ ၂၇ ရက်နှင့် ၂၉ ရက်တို့တွင် ပူးပေါင်းအဖွဲ့သည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ဆင်ရွာကြီးကျေးရွာနှင့် မြစ်ကမ်းကျေးရွာအနီးဝန်းကျင်နေရာများမှ တရားမဝင်အင်သစ် ၁၁ ဒသမ ၆၂၆၀ တန်အား သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **မောင်လူမော်**

## ကျေးသီးမြို့ၛ ယာဉ်တိုက်မှုဖြစ်

**ကျေးသီး အောက်တိုဘာ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့ ဟော်ကုန်းရပ်ကွက်တွင် ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျေးသီး-မိုင်းနောင်သွား ကားလမ်းတွင် မသန်းနွယ်ဦး မိုင်းနောင်မြို့ မောင်းနှင်ပြီး ဒေါ်အေးသိန်းဖြူ ကျေးသီးမြို့နှင့် ဝေယံဦးတို့ လိုက်ပါလာသော ဆိုင်ကယ်သည် မောင်းနှင်လာစဉ် မျက်နှာချင်းဆိုင်မှ စိုင်းဆန်အမ် ကျေးသီးမြို့နယ် မိုင်းနင်ကျေးရွာအုပ်စု နားကော်ကျေးရွာနေထိုင်သူ မောင်းနှင်လာသော Honda Fit ယာဉ်က တစ်ဖက်ယာဉ်ကြောသို့ ဝင်ရောက်တိုက်မိသဖြင့် မသန်းနွယ်ဦး၊ ဒေါ်အေးသိန်းဖြူနှင့် ဝေယံဦးတို့တွင်(မစိုးရိမ်ရ)ဒဏ်ရာများရရှိခဲ့သဖြင့် ကျေးသီး ပြည်သူ့ဆေးရုံသို့ တင်ပို့ခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရဲအုပ်မင်းမော်က တရားလိုပြုလုပ်တိုင်တန်းခဲ့သဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကျေးသီး(ပြန်/ဆက်)**

## ကန့်ဘလူမြို့နယ်အတွင်း တရားမဝင်ကျွန်းခွဲသားများ သိမ်းဆည်းရမိ

**ကန့်ဘလူ အောက်တိုဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် လိတ္တာကျေးရွာအနီးမှ တရားမဝင်ကျွန်းခွဲသားများ တင်ဆောင်လာသော ယာဉ်တစ်စီးဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၆ နာရီခန့်တွင် ကန့်ဘလူမြို့မရဲကင်းစခန်းမှ နယ်ထိန်းရဲအုပ်ကျော်လင်းထွန်းဦးစီးသောအဖွဲ့သည် သစ်တောဦးစီးဌာနမှ တောအုပ်ဦးထွန်းနောင်အဖွဲ့နှင့်ပူးပေါင်း၍ ကန့်ဘလူမြို့နယ် လိတ္တာကျေးရွာမြောက်ဘက်ရှိ ဓာတ်ဆီဆိုင်အနီးတွင် သတင်းအရစောင့်ဆိုင်းနေစဉ် ကန့်ဘလူမြို့နယ် ဇီးဖြူကုန်းကျေးရွာနေ ညီညီ(ခ)အောင်မြလင်း မောင်းနှင်လာသောယာဉ်အားရပ်တန့်စစ်ဆေးရာ အဆိုပါယာဉ်ပေါ်မှ တရားမဝင် ကျွန်းခွဲသား ၉၄ ချောင်း(၃ ဒသမ ၅၄၄၈ တန်)အား ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် ညီညီ(ခ)အောင်မြလင်းအား ကန့်ဘလူမြို့မရဲစခန်းမှ ဥပဒေအရ ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ လွန်ချမ်းသာ



## ကရင်ပြည်နယ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနား ကျင်းပ

**ဘားအံ အောက်တိုဘာ ၁**

ကရင်ပြည်နယ်ရဲတပ်ဖွဲ့ကကြီးမှူး၍ (၅၅) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဘားအံမြို့ ဖွဲကပင်ခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးအောင်ဝင်းဦးထံမှ ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြတ်မိုးက ဖတ်ကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းနောင်တို့က ရဲလုပ်ငန်းစွမ်းဆောင်ရည်ဆု ရရှိသူများ၊ ရဲတပ်ဖွဲ့နှင့် စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် Video Clip ကို ကြည့်ရှုခဲ့ကြကာ ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှ ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

## ပဲခူးတွင် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ ကျင်းပ

**ပဲခူး အောက်တိုဘာ ၁**

ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ ယနေ့ နံနက် ၁၀ နာရီက အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနား ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက လူ့အဖွဲ့အစည်းအတွင်းက သက်ကြီးရွယ်အိုများရဲ့ အခန်းကဏ္ဍနှင့် အခွင့်အရေးတွေ ပိုမိုခိုင်မာအောင် ဆောင်ရွက်ရာမှာ အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ရန် လိုကြောင်း၊ မြန်မာ့ရေမြေသဘာဝနှင့် လိုက်လျောညီထွေဖြစ်စေမည့် ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးစောင့်ရှောက်မှု၊ မိမိကိုယ်မိမိစောင့်ရှောက်မှု၊ မိသားစုစောင့်ရှောက်မှုနှင့် အိမ်အခြေပြု၊ ရပ်ရွာစောင့်ရှောက်မှုအားလုံး လုံလောက်စွာရရှိအောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ (၅၅) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် အဘိုးအဘွားများအတွက် အလှူငွေကျပ် ၄၇၀၀၀၀ အား ကရင်တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီး ဒေါ်နော်ပွယ်စေးထံ ပေးအပ်လှူဒါန်းသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တရားသူကြီးချုပ်၊ ဝန်ကြီးများ၊ ဥပဒေချုပ်၊ အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အသက် ၈၅ နှစ်အထက် အဘိုး ၄၈ ဦး၊ အဘွား ၆၀ စုစုပေါင်း ၁၀၈ ဦးတို့အား ဂုဏ်ပြုလှူဒါန်းငွေ၊ ပစ္စည်းများဖြင့် ကန်တော့ကြသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အသက် ၈၅ နှစ်နှင့်အထက် အဘိုး ၈၅၀၁ ဦး၊ အဘွား ၁၅၂၁၈ ဦး စုစုပေါင်း ၂၃၇၁၉ ဦးတို့အား ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## တစ်နှစ်တာအတွင်း ပြည်တွင်းလုပ်သား ၉၀၀၀၀ ကျော်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့

**ရန်ကုန် အောက်တိုဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် ယမန်နေ့ နံနက် ၁၀ နာရီက ရန်ကင်းမြို့နယ် စိမ်းလဲ့မေလမ်းသွယ်ရှိ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အစည်းအဝေး အမှတ်စဉ် (၁၆/၂၀၁၉) သို့ တက်ရောက်သည်။

၂၀၁၇ ခုနှစ် ဩဂုတ်မှ ၂၀၁၈ ခုနှစ် မတ်လအတွင်း တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၃၉ ခု၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုကိုးခုတို့အား အဆိုပြုမိန့်များ ထုတ်ပေးခဲ့ပြီး အလုပ်အကိုင် ၂၂၄၈၁ ဦးအတွက် ဖန်တီးပေးနိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဧပြီမှ စက်တင်ဘာလကုန်အထိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ၃၄ ခု၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ၁၀ ခု တို့အား အတည်ပြုမိန့်များထုတ်ပေးခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်း ၂၁၁၇၃ ဦးအတွက် ဖန်တီးပေးနိုင်ခဲ့သည်။

၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် စက်မှုကဏ္ဍ၊ ဟိုတယ်ကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့်ရေလုပ်ငန်းကဏ္ဍ၊ အိမ်ရာအဆောက်အအုံကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၅၉ ခုနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၁ ခုတို့မှ အလုပ်အကိုင်အခွင့်အလမ်း ၉၃၄၂၇ ဦးအတွက် ဖန်တီးပေးနိုင်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံးမှ သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

## မြိတ်မြို့တွင် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်ဟောပြောပွဲ ကျင်းပ

**မြိတ် အောက်တိုဘာ ၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲကို စက်တင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီက တက္ကသိုလ်ရပ်ရှိ ရွှေရတီသက်ကြီး စောင့်ရှောက်ရေးစင်တာ၌ ကျင်းပသည်။

မြိတ်ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီနီဝင်းက အဖွင့်အမှာစကားပြောကြားပြီး ရွှေရတီသက်ကြီး စောင့်ရှောက်ရေးစင်တာရှိအဘွားဒေါ်ခင်ဝင်းက သက်ကြီးဘိုးဘွားများရပိုင်ခွင့်အကြောင်း၊ အဘိုးဦးသိန်းနိုင်က သက်ကြီးဘိုးဘွားစောင့်ရှောက်ရေးအကြောင်းတို့ကို ဟောပြောခဲ့ကြသည်။

ထို့နောက် ရွှေရတီသက်ကြီးစောင့်ရှောက်ရေးစင်တာမှ ဦးအောင်မြင့်ဦးက ရွှေရတီ သက်ကြီး စောင့်ရှောက်ရေးစင်တာတွင် ဘိုးဘွားများအား စောင့်ရှောက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ခိုင်ထူး (မြိတ် ပြန်/ဆက်)**

## ငွေကြေးကဏ္ဍခရီးစဉ် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**လွိုင်ကော် အောက်တိုဘာ ၁**

ကယားပြည်နယ် အစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကုလသမဂ္ဂ အရင်းအနှီး ဖွံ့ဖြိုးမှု ရန်ပုံငွေအဖွဲ့ (UNCDF–Myanmar)တို့ ပူးပေါင်း၍ အမျိုးသမီးများနှင့် မိန်းကလေးငယ်တို့၏ စီးပွားရေးဆိုင်ရာ လုပ်ကိုင်နိုင်ခွင့်နှင့် ငွေကြေးကဏ္ဍအတွင်း ပိုမိုပူးပေါင်းပါဝင်ခွင့် ရရှိစေရန် ရည်ရွယ်၍ ငွေရေးကြေးရေး လက်လှမ်း မီမှုများအား လေ့လာသုံးသပ် အဖြေရှာထားသည့် “ကယားပြည်နယ်အတွင်း အားလုံးပါဝင်သော ငွေကြေးကဏ္ဍ ခရီးစဉ်” အလုပ်ရုံဆွေနွေးပွဲကို ယမန်နေ့နံနက် ၉ နာရီက လွိုင်ကော်မြို့ မင်းစုရပ်ကွက်ရှိ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ထို့နောက်ကုလသမဂ္ဂ ငွေကြေးအရင်းအနှီးဖွံ့ဖြိုးရေးရန်ပုံငွေအဖွဲ့မှ အမျိုးသမီးများ စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငွေကြေးကဏ္ဍတွင် ပါဝင်နိုင်ရေး၊ စီမံကိန်းခေါင်းဆောင် Mr. Cavelle Dove က စီမံကိန်းအကြောင်း ရှင်းလင်းတင်ပြပြီး ကယားပြည်နယ် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒေါ်မြတ်မူက ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ လုပ်ငန်းစဉ်အကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ UNCDF မှ Data Analysis Consultant – Mr. Alejandro Gonzalez–Caro က ကယားပြည်နယ်နှင့် ပတ်သက်သောငွေကြေးကဏ္ဍအကြောင်းအရာများ ရှင်းလင်းတင်ပြပြီး UNCDF မှ ဒေါ်ဝင့်ဝါအောင်၊ မြန်မာ့စီးပွားရေးဘဏ်မှ ပြည်နယ်မန်နေဂျာ ဒေါ်မြင့်မြင့်ဝေ၊ KEB Hana မှ Chief Operation Officer ဒေါ်ယဉ်ယဉ်ဝင်း၊ မြန်မာ့ရှေ့ဆောင်ဘဏ်မှ ဘဏ်ခွဲမန်နေဂျာ ဒေါ်အိအိနှင်း၊ ကယော အမျိုးသမီးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချယ်ရီမိုး၊ ကြယ်စင်လင်း အမျိုးသမီးငွေစုငွေချေးအဖွဲ့မှ ဒေါ်ခင်လှတို့က "စနစ်မကျသောငွေကြေးကဏ္ဍမှနေ နည်းလမ်းမှန်သော ငွေကြေးကဏ္ဍသို့" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် UNCDF မှ Mr. Alejandro Gonzalez Caro၊ Monkisi Company မှ ဦးဝင်းကိုကို၊ OK $ မှ ဦးစွမ်းထက်အောင်၊ Zabai Company မှ ဦးဖွဲ့အုတ်စိုး၊ Opportunities NOW မှ ဒေါ်မေသင်ဇာအောင်၊ Thitsa Works Solutions မှ ဒေါ်ဇွန်လင်းထွန်းတို့က "ငွေကြေး/မတည်ငွေ လက်လှမ်းမီနိုင်မည့် အခွင့်အလမ်းတွင် ငွေကြေးနှင့် ဒီဂျစ်တယ်အသိပညာ၏ အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးခဲ့သည်။

ယင်းနောက် အဖွဲ့လိုက် ၁၀ ဖွဲ့ခွဲ၍ အဖွဲ့လိုက်ဆွေးနွေးပြီးနောက် ဆွေးနွေးမှုရလဒ်များအပေါ် တက်ရောက်လာသူများအား ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက ရလဒ်များအပေါ် သိလိုသည်များကို ပြန်လည်မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**

## သာကေတ ရှုခင်းသာ၌ အပျော်စီးရွက်လှေဆိပ်နှင့် Eco Smart City ဆောက်လုပ်

**ရန်ကုန် အောက်တိုဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ရှုခင်းသာရှိ ပဲခူးမြစ်ကမ်းပေါ်၌ အပျော်စီးရွက်လှေဆိပ်နှင့် လူနေတိုက်ခန်းပေါင်း ၆၀၀၀ ကျော်ပါဝင်မည့် Eco Smart City စတင်မိတ်ဆက်ခြင်းအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက ယင်းဆိပ်ကမ်းရှင်းလင်းဆောင်ခန်းမ၌ ကျင်းပခဲ့သည်။

"ရွက်လှေဆိပ်မှာ အပျော်စီးရွက်လှေတွေနဲ့ သင်္ဘောအကြီးတွေဆိုက်ကပ်နိုင်အောင် ဆောက်လုပ်သွားမှာဖြစ်ပါတယ်။ Emerald Bay မြို့ပြစီမံကိန်းမှ တာဝန်ရှိသူ ကိုတီတီက ပြောသည်။

Emerald Bay သည် အပျော်စီးရွက်လှေဆိပ်ပါရှိသော ရန်ကုန်မြို့၏ ပထမဆုံးသော Eco Smart City ဖြစ်ကြောင်း အပျော်စီးရွက်လှေအသင်း ထူထောင်၍ နိုင်ငံတကာအဆင့်မီအပန်းဖြေ ပျော်ရွှင်ဖွယ်ရာ လှေပေါ် ရေပေါ်ပါတီပွဲများ ကျင်းပပြီး အကောင်းဆုံးလူနေမှု အသိုက်အဝန်းတစ်ရပ် ထူထောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"မြေနေရာ ကျယ်ကျယ်ဝန်းဝန်းရှိတယ်။ ရန်ကုန်မြို့နဲ့လည်း နီးတယ်။ သီလဝါအထူးစီးပွားရေးဇုန်နဲ့လည်းနီးတယ်။ ဒါကြောင့် ရန်ကုန်မြို့မှာ အလှပဆုံးနဲ့ အတိုးတက်ဆုံးဖြစ်မယ့် နေရာဖြစ်လိမ့်မယ်လို့ ယုံကြည်ပါတယ်" ဟု စီမံကိန်း ရင်းနှီးမြှုပ်နှံမှု ဒါရိုက်တာ မစ္စတာဒီလမ်းဂရင်းက ပြောသည်။

ထို့အတူ Eco Smart City ထူထောင်ရာတွင် မြေဧက ၂၇ ဧကအနက် ၁၇ ဧကပေါ်တွင်အမြင့် ၃၂ ထပ်ရှိသော အဆောက်အအုံ ၁၁ လုံးကို ငါးနှစ်ခွဲနှင့်အပြီး ဆောက်လုပ်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်မတ်လတွင် စီမံကိန်း၏ ပထမဆင့်ကို လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း၊ စီမံကိန်းအားလုံးပြီးစီးချိန်တွင် အိမ်ခန်းပေါင်း ၆၀၀၀ ကျော်ရှိပြီး ယာဉ်စီးရေ ၇၂၀၀ ရပ်နားနိုင်သော ကားပါကင်များလည်း ထည့်သွင်းတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

ယင်းမြို့ပြစီမံကိန်းသည် သာကေတမြို့နယ် ရှုခင်းသာမြို့ပတ်လမ်း ရန်ကုန်မြစ် ပုဇွန်တောင်ချောင်း ပဲခူးမြစ် မြစ်သုံးစင်း၏ ဆုံမှတ်နေရာတွင် တည်ရှိပြီး စုစုပေါင်းစတုရန်းမီတာ ၁၅၀၀၀ ကျော်သော ဝေဟင်ပန်းဥယျာဉ်နှင့် ကမ်းနဖူးဥယျာဉ် ခေတ်မီ ရေကူးကန်၊ ကလေးကစားကွင်း၊ အားကစားခန်းမများပါရှိမည်ဖြစ်ကြောင်းသိရသည်။ **မြင့်မောင်စိုး**

# သီတင်းကျွတ်လပြည့်နေ့၌ ဒေသထွက်ဆီ ပိဿာ ၂၃၀ ဖြင့် မြသလွန်စေတီတော်မြတ်ကြီးအား ဆီမီးကိုးထောင်ပူဇော်မည်



**မကွေး အောက်တိုဘာ ၁**
မြန်မာနိုင်ငံ၏ ဆီအိုးကြီးဟု တင်စားခေါ်ဝေါ်ကြသည့် မကွေးတိုင်းဒေသကြီး မကွေးမြို့မှ မြသလွန်စေတီတော်မြတ်ကြီးအား ဒေသထွက်ပဲဆီ၊ နှမ်းဆီ ပိဿာပေါင်း ၂၃၀ အသုံးပြု၍ သီတင်းကျွတ်လပြည့်နေ့တွင် ဆီမီးကိုးထောင် ထွန်းညှိပူဇော်သွားမည်ဖြစ်ကြောင်း ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့မှ သိရသည်။

စေတီတော်ရင်ပြင်၏ အနောက်ဘက် နံရံလှေကားထစ်များပေါ်တွင် မြေသားဆီမီးခွက်များကို အတန်းလိုက်စီ၍ အစဉ်အလာမပျက် ပူဇော်သွားမည်ဖြစ်ပြီး ပူဇော်ပွဲကို မဟာအတုလရံသီတန်ဆောင်းတော်ကြီး၌ ပြုလုပ်ရန် စီစဉ်ထားသည်။

"နှစ်ပေါင်း ၃၀ အတွင်းမှာ မိုးလေဝသဖျက်တာ နှစ်ခါကြုံဖူးတယ်။ လပြည့်နေ့အစား လကွယ်နေ့ကို ပြောင်းပြီး ပူဇော်ခဲ့ရတာမျိုး ရှိခဲ့ဖူးတယ်။ မတော်တဆ မိုးဖျက်လေဖျက်ကြုံလာရင် ပူဇော်ပွဲမပျက်ဖို့ စီစဉ်ထားပါတယ်။ ဆီမီးရအောင် ထွန်းမယ်။ လျှပ်စစ်မီးနဲ့ပူဇော်ဖို့လည်း အရန်အစီအစဉ်လုပ်ထားပါတယ်" ဟု မြသလွန်ဂေါပက အတွင်းရေးမှူး(၂) ဦးဝင်းနိုင်တင်က ပြောသည်။

သီတင်းကျွတ်လပြည့်နေ့တွင် ဆီမီးကိုးထောင်၊ ပန်းကိုးထောင် လှူဒါန်းပူဇော်မှုများနှစ်စဉ် လုပ်ဆောင်မြဲဖြစ်ပြီး ယခုနှစ်တွင် ကျရောက်သည့် ၂၅၈၃ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ၁၃၈၁ ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ ရက် (အောက်တိုဘာ ၈) ရက်နေ့မှ သီတင်း ကျွတ်လကွယ်နေ့ (အောက်တိုဘာ ၂၇) ရက်နေ့ထိ ရက် ၂၀ ကြာ ကျင်းပသွားမည်ဖြစ်သည်။

**ဇေယျာတု(မကွေး)**

## စိမ့်စမ်းရေသွယ်လုပ်ငန်းများ လွှဲပြောင်းပေးအပ်

**ပင်းတယ အောက်တိုဘာ ၁**
ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်းတယမြို့နယ် ရွှေပုထိုး(မြောက်)ကျေးရွာ စိမ့်စမ်းရေသွယ်လုပ်ငန်း လွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက အခြေခံပညာ အထက်တန်းကျောင်းခွဲ ရွှေပုထိုး(မြောက်)ကျေးရွာ၌ကျင်းပသည်။

ရွှေပုထိုး(မြောက်)ကျေးရွာစိမ့်စမ်းရေသွယ်လုပ်ငန်းတွင် ရေထွက်နှင့် ကျေးရွာအကွာအဝေး တစ်မိုင်၊ ပင်မပိုက်လိုင်းအရှည် စုစုပေါင်း ပေ ၄၆၂၀ (သုည ဒသမ ၈ မိုင်)၊ ဖြန့်ဝေ ပိုက်လိုင်းအရှည် စုစုပေါင်း ၁၄၃၆၃ပေ (၂ ဒသမ ၇၂ မိုင်) နှင့် ဂါလန် ၁၀၀၀၀ ဆံ့ ရေလှောင်ကန်တစ်လုံး၊ ရေဖမ်းကန်တစ်လုံး၊ ရေစုကန်တစ်လုံး၊ အနည်ထုတ်ကန် တစ်လုံး၊ ရေဝေတိုင် ၂၇ ခုဖြင့်လူဦးရေ ၇၈၉ ဦးအတွက် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိမှာဖြစ်ကြောင်း၊ သောက်သုံးရေခက်ခဲသောဒေသများတွင် ၂၀၁၅-၂၀၁၆ မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အထိကျေးရွာပေါင်း ၃၉ ရွာတွင် စိမ့်စမ်းရေသွယ်လုပ်ငန်းများဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် လူဦးရေ ၄၇၆၉၅ ဦးကို သန့်ရှင်းသော သောက်သုံးရေရရှိအောင်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ပြည်သူများအနေဖြင့် စနစ်တကျ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်က ပြောကြားသည်။ **မောင်မောင်သန်း (တောင်ကြီး)**

## မိတ္ထီလာ ဘိုးဘွားရိပ်သာတွင် အဘွားဆောင် တိုးချဲ့ဆောက်လုပ်ရန် လိုအပ်

**မိတ္ထီလာ အောက်တိုဘာ ၁**
မိတ္ထီလာဘိုးဘွားရိပ်သာတွင် အဘိုးအဘွားဦးရေနှင့် ဘိုးဘွားအဆောင်ထားရှိမှု အနေအထားအရ အဘွားဆောင်တစ်ဆောင်ထပ်မံတိုးချဲ့ဆောက်လုပ်ရန်လိုအပ်လျက်ရှိပြီး အလှူရှင်များမှ ပံ့ပိုးလှူဒါန်းမှုများ လိုအပ်နေကြောင်း ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသင်းအောင်ထံမှ သိရသည်။

" မိတ္ထီလာဘိုးဘွားရိပ်သာမှာ အဘိုးဆောင်၊ အဘွားဆောင် စုစုပေါင်း နှစ်ဆောင်ပဲရှိတယ်။ လက်ရှိဦးရေက ၃၀ ကျော်ပြီဖြစ်လို့ အဘွားဆောင်အသစ် ထပ်မံတိုးချဲ့ဆောက်လုပ်ဖို့လိုအပ်နေတာပါ ။ စေတနာရှင်အလှူရှင်တွေရဲ့ စုပေါင်းလှူဒါန်းမှုနဲ့ပဲ ဆောက်လုပ်ရမှာဖြစ်တဲ့အတွက် အလှူရှင်များရဲ့ ပံ့ပိုးလှူဒါန်းမှုတွေ လိုအပ်နေပါတယ်" ဟု မိတ္ထီလာဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသင်းအောင်က ပြောကြားသည်။

မိတ္ထီလာဘိုးဘွားရိပ်သာအား ဝန်ဇင်းရပ်ကွက် မိတ္ထီလာ-မြင်းခြံကားလမ်းအနီးတွင် ၁၉၈၀ ပြည့်နှစ် မေ ၁၁ ရက်က စတင်ဖွင့်လှစ်ကာ အဘိုး လေးဦး၊ အဘွား ခုနစ်ဦးအား စောင့်ရှောက်ခဲ့သည်။ ယခုအခါ အဘွား၂၉ ဦး၊ အဘိုး ကိုးဦး စုစုပေါင်း ၃၈ ဦးအထိရှိပြီး အဘွားဆောင်တစ်ဆောင် ထပ်မံတိုးဆောက်လုပ်ရန်လိုအပ်နေခြင်းဖြစ်ကာ လှူဒါန်းလိုသူများအနေဖြင့် ဘိုးဘွားရိပ်သာဖုန်း ဝ၆၄-၂၃၄၃၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## သင်္ဘောသား စာချုပ်စာတမ်းဆိုင်ရာများ ဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၁**
သင်္ဘောသားများနှင့်ပတ်သက်သည့် စာချုပ်စာတမ်းများဆိုင်ရာဆွေးနွေးပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ အဏ္ဏဝါမွှေ့ာရုံ၌ စက်တင်ဘာ ၂၉ ရက်က ပြုလုပ်ရာ သင်္ဘောသား များနှင့် ပတ်သက်သည့် စာချုပ်စာတမ်းများဆိုင်ရာ ဆွေးနွေးပွဲအတွက် စုပေါင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် သင်္ဘောသားများနှင့်ပတ်သက်သည့် နိုင်ငံတကာဥပဒေ (သို့) ပြဋ္ဌာန်းချက်များအား ဆွေးနွေးပေးခြင်းဖြစ်ကြောင်း၊ ဥပဒေနှင့် ပြဋ္ဌာန်းချက်အချို့အရ သင်္ဘောသားအလုပ်သမားများ ရရှိရမည့် အကျိုးခံစားခွင့်များ၊ အလုပ်ရှင်နှင့် အလုပ်သမားများဖြစ်သည့် သင်္ဘောသား အလုပ်သမားများ လိုက်နာရမည့် စည်းကမ်းများနှင့် လုပ်ငန်းခွင်အတွင်း မတော်တဆ ထိခိုက်ဒဏ်ရာရရှိခဲ့ပါက လိုက်နာရမည့်စည်းကမ်း အကြောင်းအရာများကို သင်္ဘောသားအလုပ်သမားများ သိရှိစေရန်အတွက် ရည်ရွယ်ပြီး ဆွေးနွေးပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံပင်လယ်ကူး သင်္ဘောသား အလုပ်သမားများ အဖွဲ့ချုပ်အဖွဲ့ဝင် ကပ္ပတိန် ကိုစိုးမင်းအောင်က ပြောကြားသည်။

သင်္ဘောသားများနှင့် ပတ်သက်သည့်စာချုပ်စာတမ်းများဆိုင်ရာ ဆွေးနွေးပွဲ၌ MLC 2006၊ CBA၊ SEA ဆိုင်ရာ အကြောင်းအရာများကို မြန်မာနိုင်ငံပင်လယ်ကူး သင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်မှ ယာယီစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဆရာကြီး ဦးစိုးလွင်က ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ပြီး တက်ရောက်လာကြသော သင်္ဘောသားအလုပ်သမားများ၏ သိရှိလိုသည်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်း - ပွင့်သစ္စာ**
**ဓာတ်ပုံ - စိုးမြင့်အောင်**



## တိုတိုထွာထွာဖတ်စရာ

### သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကျင်းပ

**မယ်စဲ့**
အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့အထိမ်းအမှတ် အခမ်းအနားကို ကယားပြည်နယ် မယ်စဲ့မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ကယားပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်မြင့်မြင့်မော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်းနှင့် တာဝန်ရှိသူများက မြို့ပေါ်ရပ်ကွက်ရှိ အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၁၆ ဦးတို့အား ပစ္စည်းများနှင့် တစ်ဦးလျှင် ကျပ် ၂၀၀၀၀ နှုန်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆေးဝါးလှူဒါန်းခြင်းနှင့် (အခမဲ့)ကျန်းမာရေးစောင့်ရှောက်ပေးမှုများ ဆောင်ရွက်ခဲ့သည်။ **ဝတ်ရည်(ပြန်/ဆက်)**

### အငြိမ်းစား ဆရာ ဆရာမကြီးများအား ဆေးကုသ

**ရန်ကုန်**
ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် အထက(၄) တွင် စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျောင်းမှ ကျောင်းသား ကျောင်းသူဟောင်းများ၏ ထောက်ပံ့မှုဖြင့် မေတ္တာဆေးခန်းဖွင့်လှစ်ပြီး အငြိမ်းစား ဆရာ ဆရာမကြီးများအား ဆေးကုသပေးခဲ့ကြောင်း သိရသည်။

မေတ္တာအခမဲ့ဆေးကုခန်းမှ ဆရာ ဆရာမကြီး ၄၆ ဦးအား အခမဲ့ဆေးစစ်ပေးခြင်း၊ ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုဘုန်း (ပြန်/ဆက်)**

### ကျေးလက်စာကြည့်တိုက်များသို့ နေ့စဉ်ထုတ်သတင်းစာများလှူဒါန်း

**ပြည်**
ပြည်မြို့နယ် စာရေးဆရာအသင်းမှ ဘဏ္ဍာရေးမှူး ဦးရွှေဝင်း၊ မောင်ရွှေဝင်း (ပြည်)က နေ့စဉ်ထုတ်သတင်းစာများဖြစ်သော မြန်မာ့အလင်း၊ ကြေးမုံ၊ မြဝတီနှင့် မြန်မာတိုင်း(မ်) သတင်းစာစောင်ရေ ၁၀၀၀ ကို ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျေးလက်စာကြည့်တိုက်များသို့ လှူဒါန်းခဲ့သည်။

ယင်းကဲ့သို့ လှူဒါန်းမှုအား မြန်မာ့စာတိုက်လုပ်ငန်း ပြည်မြို့မှ အခမဲ့ပေးပို့သည့် စနစ်ဖြင့် ဆောင်ရွက်ပေးခဲ့သည်။ အလားတူ ပြည်ခရိုင်အတွင်းရှိ ကျေးလက်စာကြည့်တိုက်များသို့ နေ့စဉ်ထုတ်သတင်းစာ စောင်ရေ ၉၀၀၀ ကို လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။ **မောင်ရွှေဝင်း(ပြည်)**

### ကျေးရွာစာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

**ကသာ**
စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် စာရေးဆရာအသင်းမှ ကပ္ပလိပ်ကျေးရွာရှိ 'အလင်းရောင်' စာကြည့်တိုက်သို့ စာအုပ်လှူဒါန်းပွဲနှင့်စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲကို စက်တင်ဘာ ၂၉ ရက် ညနေ ၄ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ကသာမြို့နယ် စာရေးဆရာအသင်းသည် မြို့နှင့်အလှမ်းကွာဝေးသော ကျေးရွာများ၊ စာသင်ကျောင်းများတွင်ထားရှိသော စာကြည့်တိုက်များသို့ သုံးလတစ်ကြိမ်၊ လေးလတစ်ကြိမ် စာအုပ်များလှူဒါန်ခြင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **လူအောင်(ကသာ)**

### လူထုအခြေပြု ဗဟိုဌာန၌ ပြိုင်ပွဲများကျင်းပ

**စစ်ကိုင်း**
စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြု ဗဟိုဌာန၌ KID'S SMILE ကိုယ်ပိုင်ကျောင်းမှ ဒုတိယတန်း ကျောင်းသားကျောင်းသူလေးများက ယမန်နေ့ နံနက် ၁၀ နာရီခွဲက ခဲတံကောက်ပြိုင်ပွဲ ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ကစားစရာအရုပ်များဖြင့် ပျော်ရွှင်စွာ ဆော့ကစားခဲ့ကြကြောင်း သိရသည်။ **မျိုးဝင်း (စစ်ကိုင်း)**

### ပန်းတောင်းမြို့နယ် မိုးလုံလေလုံအားကစားရုံ တည်ဆောက်မှု ၉၀ ရာခိုင်နှုန်းပြီးစီး

**ပန်းတောင်း**
ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် မြို့မဘောလုံးကွင်းအနီး တည်ဆောက်လျက်ရှိသော မိုးလုံလေလုံတစ်ထပ်အားကစားရုံမှာ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ တစ်ထပ်မိုးလုံလေလုံအားကစားရုံသစ်ကြီးကို ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၈၀ ဒသမ ၇၈၄ သန်းအနက် တင်ဒါအောင်တန်ဖိုးငွေကျပ် ၂၇၅ ဒသမ ၁ သန်းဖြင့် ၂၀၁၉ ခုနှစ် မေ ၄ ရက်မှ စတင်တည်ဆောက်ခဲ့ကာ အလျားပေ ၁၂၀၊ အနံပေ ၉၀ ရှိ အဆိုပါ အားကစားရုံသည်လက်ရှိတွင် ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီး အောက်တိုဘာလနောက်ဆုံးပတ်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။ **အောင်မြင့် (ပန်းတောင်း)**

## ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက် ဇယား(၁)

**ပြည်ထောင်စု၏အခွန်အကောက်များကောက်ခံရန် မူလလျာထားချက်**

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ခံဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၁၉ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူ ပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၄,၀၈၇,၁၄၃.၃၅၃** |
| | ၁ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၁,၁၃၀.၀၃၃ |
| | ၂ | စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၂,၂၂၇,၉၆၄.၃၉၆ |
| | ၃ | စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန | သွင်းကုန်အတွက်လိုင်စင်ကြေး၊ ပါမစ် ကြေးများ၊ | ၆,၀၀၀.၀၀၀ |
| | ၄ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊ | ၁၆၅,၀၀၀.၀၀၀ |
| | ၅ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန | မော်တော်ယာဉ်၊ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊ | ၁၅၂,၂၀၀.၀၀၀ |
| | ၆ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊ | ၈၅,၄၀၇.၉၇၂ |
| | ၇ | ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန | ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်၊ ဧည့်လမ်းညွှန် လုပ်ငန်း လိုင်စင်များအတွက် လိုင်စင် ကြေး၊ | ၈၉၉.၅၄၀ |
| | ၈ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အထူးကုန်စည်ခွန်၊ | ၁,၃၄၈,၅၄၁.၄၁၂ |
| | ၉ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ရတနာခွန် | ၁၀၀,၀၀၀.၀၀၀ |
| ၂ | | | **ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၂,၄၇၃,၆၈၅.၀၂၉** |
| | ၁ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဝင်ငွေခွန် | ၂,၄၇၃,၆၈၅.၀၂၉ |
| ၃ | | | **အကောက်ခွန်** | **၅၂၀,၀၀၀.၀၀၀** |
| | ၁ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အကောက်ခွန် | ၅၂၀,၀၀၀.၀၀၀ |
| ၄ | | | **နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှု အပေါ် ကောက်ခံသည့် အခွန်အကောက်** | **၈၈၈,၅၆၉.၅၀၂** |
| | ၁ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန | မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊ | ၁၇.၅၃၉ |
| | ၂ | နေပြည်တော်ကောင်စီ | ရေခွန်၊ | ၇၇.၅၂၃ |
| | ၃ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန | တာတမံခွန်၊ | ၁.၂၆၀ |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | သစ်တောများမှ ပစ္စည်းများထုတ်ယူ သည့်အတွက် ကောက်ခံသည့် သစ်တော ခွန်၊ | ၅,၈၀၂.၆၃၃ |
| | ၅ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီး ဌာန | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် (စက်မှု ကုန်ကြမ်း တွင်းထွက်နှင့်အလှဆင် ကျောက်များမပါ)၊ | ၆၃.၄၄၄ |
| | ၆ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊ | ၃,၀၀၀.၀၀၀ |
| | ၇ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူ သည့်အတွက် ကောက်ခံသည့်အခွန်၊ | ၄၅၇,၇၅၅.၃၂၈ |
| | ၈ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့်တွင်းဝခွန် | ၃၀,၃၈၆.၈၇၄ |
| | ၉ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန | ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊ | ၃၇၈,၅၉၅.၂၀၀ |
| | ၁၀ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | ရေအားအရင်းအမြစ်မှလျှပ်စစ်ဓာတ် အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိ သည့် ဓာတ်အားခ၊ | ၁၂,၁၉၇.၀၀၀ |
| | ၁၁ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံရရှိသည့် အခွန်။ | ၆၇၂.၇၀၁ |
| | | | **စုစုပေါင်း** | **၇,၉၆၉,၃၉၇.၈၈၄** |

# မြန်မာနှင့် တရုတ်(တိုင်ပေ) အမျိုးသမီးအသင်း ရန်ကုန်မြို့၌ ခြေစမ်းပွဲကစားမည်

**ရန်ကုန် အောက်တိုဘာ ၁**

ဖိလစ်ပိုင် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ပြိုင်ပွဲမတိုင်မီ နောက်ဆုံးပြင်ဆင်မှုအဖြစ် တရုတ်(တိုင်ပေ) လက်ရွေးစင်အမျိုးသမီးအသင်းနှင့် ခြေစမ်းကစားမည်ဖြစ်သည်။ ယင်းခြေစမ်းပွဲကို နိုဝင်ဘာ ၂၀ ရက်တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

မြန်မာနှင့် တရုတ်(တိုင်ပေ) လက်ရွေးစင်အမျိုးသမီးအသင်းသည် ၂၀၁၅ ခုနှစ်က မန္တလေးမြို့၌ ကျင်းပသည့် ၂၀၁၆ အိုလံပစ်ခြေစစ်ပွဲတွင် နောက်ဆုံးတွေ့ဆုံခဲ့ပြီး မြန်မာအသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ထို့ကြောင့် မြန်မာနှင့် တရုတ်(တိုင်ပေ) အမျိုးသမီးအသင်းသည် လေးနှစ်ကြာမှ ပြန်လည်တွေ့ဆုံခြင်းဖြစ်ပြီး မြန်မာအမျိုးသမီးအသင်းအတွက် အကျိုးရှိသည့် ခြေစမ်းပွဲတစ်ပွဲဖြစ်လာမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဆီးဂိမ်းအမျိုးသမီး ဘောလုံးပြိုင်ပွဲ သက်တမ်းတစ်လျှောက် ရွှေတံဆိပ်ရယူနိုင်ခြင်းမရှိသေးဘဲ အမြင့်ဆုံး ငွေနှင့် ကြေးတံဆိပ်သာ ရယူနိုင်ခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် နောက်ဆုံးကျင်းပသည့် ၂၀၁၇ မလေးရှားဆီးဂိမ်းပြိုင်ပွဲ၌ ကြေးတံဆိပ် ဆွတ်ခူးရရှိခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ယခုနှစ်တွင် အောင်မြင်မှုရယူနိုင်ရန် ပြင်ဆင်လျက်ရှိပြီး စီနီယာကစားသမားများအပြင် လူငယ်ကစားသမားများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည်။

မြန်မာအမျိုးသမီးအသင်းသည် နိုဝင်ဘာတွင် နိုင်ငံတကာပွဲ ငါးပွဲကစားမည်ဖြစ်ပြီး နိုဝင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ တရုတ်နိုင်ငံ ချုံကင်းမြို့၌ ကျင်းပမည့် ဘရာဇီး၊ နယူးဇီလန်၊ တရုတ်တို့ပါဝင်မည့် တရုတ်လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲကစားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲအပြီးတွင် ချုံကင်းမြို့မှ ပေကျင်းမြို့သို့ ဆက်လက်ထွက်ခွာကာ တစ်ပတ်ကြာနေထိုင်ပြီး တရုတ်ကလပ်အသင်းများနှင့် ခြေစမ်းပွဲနှစ်ပွဲကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် နိုဝင်ဘာ ၁၇ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်ပြီး နိုဝင်ဘာ ၂၀ ရက်တွင် တရုတ်(တိုင်ပေ)အသင်းနှင့် ခြေစမ်းကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**



၂၀၂၀ အိုလံပစ်ခြေစစ်ပွဲတွင် မြန်မာအမျိုးသမီးအသင်း ယှဉ်ပြိုင်နေစဉ်။

# ရေလှောင်တမံများ၏ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု ရှင်းလင်းဆွေးနွေး

**ကျောက်ပန်းတောင်း အောက်တိုဘာ ၁**

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိရုံးမှ ကျောက်ပန်းတောင်းမြို့ အုပ်ချုပ်မှုအောက်ရှိ ရေလှောင်တမံများ၏ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုစီမံချက် (Emergency Preparedness Plan–EPP) ဆိုင်ရာများ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး စကားဝါမြေခန်းမ၌ ကျင်းပသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးသန်းထိန်က (အဆင့်-၁)သတိမှတ်၍ အစိမ်းရောင်အလံလွှင့်ထူသွားရမည့်အခြေအနေ၊ (အဆင့် -၂) အဝါရောင်အလံလွှင့်ထူရမည့် အခြေအနေနှင့် (အဆင့် -၃) တွင် အနီရောင်အလံလွှင့်ထူခြင်းနှင့် ပတ်သက်၍ သတ်မှတ်ချက်များနှင့် လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် တောင်သူများ၏ မေးမြန်းချက်များကို မြို့နယ်ဦးစီးအရာရှိက ပြန်လည်ရှင်းလင်းဖြေကြားကာ ကြိုတင်စီမံခန့်ခွဲမှုစီမံချက် လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့သည်။

**ကိုနေ (ကျောက်ပန်းတောင်း)**



# သုံးခွမြို့သောက်သုံးရေကန်တွင် ပြည်သူများအပန်းဖြေ

**ရန်ကုန် အောက်တိုဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အမှတ် ( ၁ ) ရပ်ကွက် မင်းရဲကျော်စွာလမ်းရှိ သောက်သုံးရေကန်ကြီး ကန်ပေါင်တွင် ပြည်သူများ စိတ်အပန်းပြေနိုင်စေရန် ကွန်ကရစ်လမ်းခင်းခြင်း၊ မြေယာရှုခင်းပြုပြင်ခြင်း၊ မြက်ပင်၊ အရိပ်ရပင်၊ ပန်းအလှပုံဖော်စိုက်ပျိုးခြင်း ပြုလုပ်ထားပြီး ပန်းခြံနှင့် ကလေးကစားကွင်းပြုလုပ်ထားသည်။

ယခုအခါ ပွင့်လင်းရာသီရောက်ရှိလာသဖြင့် နံနက်စောစော၊ ညနေစောင်း၊ ညဘက်တို့တွင် အများပြည်သူ ဘေးအန္တရာယ်ကင်း လုံခြုံစိတ်ချစွာ လမ်းလျှောက်ခြင်း၊ အပန်းဖြေခြင်းများ၊ အားကစားအထောက်အကူပြု ပစ္စည်းများဖြင့် ကိုယ်လက်လေ့ကျင့်ခန်း ပြုလုပ်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကို စက်တင် ဘာ ၂၉ ရက် ည ၇ နာရီက တွေ့မြင်ရသည်။

**ကျော်ဆန်း**

ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီသည် နိုင်ငံသူ နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်နေသော ကော်မတီတစ်ခုဖြစ်ပြီး ကော်မတီ၏ဆောင်ရွက်ချက်များကို ယခုတစ်ပတ် လွှတ်တော်ရေးရာကဏ္ဍအနေဖြင့် ဖော်ပြလိုက်ပါသည်-

# ကော်မတီရဲ့ အဓိကရည်ရွယ်ချက်က နိုင်ငံသူ နိုင်ငံသားတွေရဲ့ တာဝန်ကို ထမ်းဆောင်နိုင်ဖို့နဲ့ ဝန်ထမ်းတွေ၊ ပင်စင်စားတွေ၊ အမျိုးသမီးနဲ့ ကလေးသူငယ်တွေနဲ့ပတ်သက်တဲ့ ကိစ္စရပ်တွေမှာ ဥပဒေအရ အကာအကွယ်ပေးနိုင်ဖို့ ဖြစ်ပါတယ်

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင့်စိုး



ဦးတင့်စိုး
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု
ကော်မတီ အတွင်းရေးမှူး

ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားကို ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိသည်။ ကော်မတီအနေဖြင့် ဥပဒေများ ခေတ်နှင့်လျော်ညီစေရန်ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်း၊ ရုပ်သိမ်းခြင်းများကို ဆောင်ရွက်လျက်ရှိပြီး ပြည်သူ့ရေးရာကိစ္စရပ်များနှင့်သက်ဆိုင်သည့် ပြည်သူများ၏ တိုင်ကြားစာများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ကော်မတီ၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ကော်မတီအတွင်းရေးမှူး ဖားကန့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင့်စိုးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

ရှင်မင်း၊ ဓာတ်ပုံ-ကေကေ

**မေး။ ။ ကော်မတီဖွဲ့စည်းထားရှိမှု အခြေအနေကို သိပါရစေ။**

ဖြေ။ ။ ကျွန်တော်တို့ကော်မတီကိုပြည်သူ့လွှတ်တော် ဥပဒေ၊ နည်းဥပဒေနဲ့အညီ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်မှာ စတင်ဖွဲ့စည်းခဲ့ပါတယ်။ စတင်ဖွဲ့စည်းခဲ့စဉ်က ပါတီသုံးခုက လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးနဲ့ တပ်မတော်သားကိုယ်စားလှယ်တစ်ဦး စုစုပေါင်း ၁၅ ဦးနဲ့ ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်းမှာ ကော်မတီအဖွဲ့ဝင် ၂၀ ဦးနဲ့ ထပ်မံပြင်ဆင်ပြီး ဖွဲ့စည်းခဲ့ပါတယ်။

**မေး။ ။ ကော်မတီအနေနဲ့ ဥပဒေပြင်ဆင်ရေးဆွဲမှု အပိုင်းမှာ အခုလက်ရှိ ဆောင်ရွက်နေတဲ့ ဥပဒေတွေနဲ့ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ ကျွန်တော်တို့ ကော်မတီရဲ့ အဓိကရည်ရွယ်ချက်က နိုင်ငံသူနိုင်ငံသားတွေရဲ့ တာဝန်ကို ထမ်းဆောင်နိုင်ဖို့နဲ့ ဝန်ထမ်းတွေ၊ ပင်စင်စားတွေ၊ အမျိုးသမီးနဲ့ ကလေးသူငယ်တွေနဲ့ပတ်သက်တဲ့ ကိစ္စရပ်တွေမှာ ဥပဒေအရ အကာအကွယ်ပေးနိုင်ဖို့ ဖြစ်ပါတယ်။ ပြည်သူ့ရေးရာဆိုတဲ့အတိုင်း နိုင်ငံသားတွေနဲ့ အဓိကသက်ဆိုင်တဲ့ ဥပဒေတွေကို သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းညှိနှိုင်းထိန်းကျောင်းရတဲ့ ကော်မတီတစ်ခုဖြစ်ပါတယ်။

ကျွန်တော်တို့ကော်မတီနဲ့ သက်ဆိုင်တဲ့ ဝန်ကြီးဌာနက ပြည်ထဲရေးဝန်ကြီးဌာန ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ ဥပဒေတွေလည်း အများကြီးရှိပါတယ်။ အခုလတ်တလောမှာ ပြည်သူစိတ်ဝင်စားမှုများနေတဲ့ ကလေးသူငယ်နဲ့ ပတ်သက်တဲ့ ကိစ္စတွေ၊ သက်ငယ်မုဒိမ်းကိစ္စတွေ၊ အမျိုးသမီးနဲ့ ပတ်သက်တဲ့ကိစ္စရပ်တွေ ဒါတွေနဲ့ ပတ်သက်ပြီး ကော်မတီက ဆောင်ရွက်ပေးနေပါတယ်။ ဒီလိုကိစ္စတွေနဲ့ ပတ်သက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့နဲ့



ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

- ❑ ပြည်သူစိတ်ဝင်စားမှုများနေတဲ့ ကလေးသူငယ်နဲ့ပတ်သက်တဲ့ ကိစ္စတွေ၊ သက်ငယ်မုဒိမ်းကိစ္စတွေ၊ အမျိုးသမီးနဲ့ပတ်သက်တဲ့ ကိစ္စရပ်တွေ ဒါတွေနဲ့ပတ်သက်ပြီး ကော်မတီက ဆောင်ရွက်ပေးနေပါတယ်။
- ❑ ပြည်သူ့ရေးရာဆိုတဲ့အတိုင်း နိုင်ငံသားတွေနဲ့ အဓိကသက်ဆိုင်တဲ့ဥပဒေတွေကို သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းညှိနှိုင်းထိန်းကျောင်းရတဲ့ ကော်မတီတစ်ခုဖြစ်။



အကျဉ်းသားများ စနစ်တကျ စိစစ်လျှော့ချရေးနှင့်စပ်လျဉ်း၍ အကျဉ်းဦးစီးဌာနနှင့် ညှိနှိုင်းဆွေးနွေးစဉ်။

ဆက်စပ်ပြီးတော့ ဆောင်ရွက်နေပါတယ်။

အခုလက်ရှိ လွှတ်တော်မှာ ပြဋ္ဌာန်းပြီးသွားတဲ့ လောင်းကစားဥပဒေ၊ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေ ဒါတွေဟာ ကျွန်တော်တို့ကော်မတီက ကိုင်တွယ်ရတဲ့ဥပဒေထဲမှာ ပါတဲ့ ဥပဒေတွေဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မတီ စတင်တာဝန်ယူစဉ်က ကော်မတီက ဥပဒေ ၈၀ တာဝန်ယူပါတယ်။ အခုတော့ ၅၁ ခုပဲ တာဝန်ယူရပါတယ်။ ဘာဖြစ်လို့ လျော့သွားတာလဲဆိုတော့ အခုပြည်သူ့လွှတ်တော်မှာ ကော်မတီတွေ ထပ်မံဖွဲ့စည်းခဲ့တဲ့ အတွက်ပါ။ ပြည်ထောင်စု အစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့ ဥပဒေက ၁၈ ခု၊ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့ ဥပဒေက ၂၈ ခု၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့ ဥပဒေက လေးခု၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နဲ့ သက်ဆိုင်တဲ့ ဥပဒေကတစ်ခု စုစုပေါင်း ၅၁ ခုပါ။ အဓိက ကတော့ ပြည်သူနဲ့ တိုက်ရိုက်ထိစပ်တဲ့ ဥပဒေတွေကို ကိုင်တွယ်ရတာဖြစ်ပါတယ်။

စာမျက်နှာ ၁၉ သို့ ❖

❖ စာမျက်နှာ ၁၈ မှ

**မေး။ ။ ကော်မတီက အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေးကိစ္စတွေနဲ့ပတ်သက်ပြီး လုပ်ဆောင်နေတာရှိတယ်လို့ သိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဥပဒေဆိုင်ရာ ဘယ်လိုဆောင်ရွက်မှုတွေကို ပြုလုပ်နေတယ်ဆိုတာ ပြောပြပေးပါဦး။**

**ဖြေ။ ။** အခု အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေးကိစ္စတွေနဲ့ပတ်သက်ပြီး လုပ်နေပါတယ်။ ဒါပေမယ့် အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေးဆိုတာ ကျယ်ဝန်းတဲ့အတွက် အကျဉ်းသားများကို စနစ်တကျ စိစစ်ပြီး အကျဉ်းသားလျှော့ချရေးကို လုပ်ဆောင်ပါတယ်။ ဒီလိုလုပ်ဆောင်တဲ့အခါ Westminster Foundation For Democracy(WFD) ရဲ့ အထောက်အပံ့နဲ့ ပူးပေါင်းဆောင်ရွက်ပြီး လုပ်နေတာတွေရှိပါတယ်။ ဒီအဖွဲ့အပြင် သက်ဆိုင်ရာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(AAPP)၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီတို့နဲ့လည်း ပူးပေါင်းဆွေးနွေးဆောင်ရွက်ပါတယ်။ အကြံဉာဏ်ယူပါတယ်။ ဒါက အကျဉ်းသားစိစစ်လျှော့ချရေးနဲ့ပတ်သက်ပြီး ဆောင်ရွက်နေတာပါ။

ပြီးတော့ ကျွန်တော်တို့ ကော်မတီအနေနဲ့ လွှတ်တော်သက်တမ်း သုံးနှစ်ကျော်ကာလအတွင်းမှာ ၁၉၈၆ ခုနှစ် လောင်းကစားဥပဒေကို ဖျက်သိမ်းပြီး အသစ်ပြန်လည်ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ ကော်မတီအနေနဲ့ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေ၊ အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေ၊ မြန်မာနိုင်ငံ လင်မယားကွာရှင်းရေးအက်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေတွေအတွက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ပြုလုပ်တဲ့ အစည်းအဝေးတွေကို တက်ရောက်ပြီး ပူးပေါင်းညှိနှိုင်းဆွေးနွေးမှု ဆောင်ရွက်နေတာလည်း ရှိပါတယ်။

**မေး။ ။ တိုင်ကြားစာတွေနဲ့ပတ်သက်ပြီး ဆောင်ရွက်ပေးနေတဲ့ အခြေအနေကိုလည်း ရှင်းပြပေးပါဦး။**

**ဖြေ။ ။** ကျွန်တော်တို့ကော်မတီကို ပြည်သူတွေက တိုင်ကြားစာတွေ ပေးပို့ကြတာရှိပါတယ်။ ဒီတိုင်ကြားစာတွေကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ဖို့ ကော်မတီမှာ ညှိနှိုင်းအစည်းအဝေးတွေ ပြုလုပ်ပါတယ်။ တိုင်ကြားစာ အားလုံးပေါင်း ၆၀၀ ကျော်လောက်ရှိပါတယ်။ ဒီလိုညှိနှိုင်းဆွေးနွေးကြရင်းနဲ့ တိုင်ကြားစာတွေနဲ့ ပတ်သက်လို့ လိုအပ်ရင် ရဲတပ်ဖွဲ့နဲ့ သက်ဆိုင်တာတွေဆိုရင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဥပဒေနဲ့သက်ဆိုင်တာတွေဆိုရင်



မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်နှင့် ညှိနှိုင်းဆွေးနွေးစဉ်။

❝ကျွန်တော်တို့ကော်မတီကို ပြည်သူတွေအနေနဲ့ တိုင်ကြားစာပေးပို့လို့ရပါတယ်။ ဒီလိုပေးပို့ရာမှာ ကျွန်တော်တို့အနေနဲ့ တိုင်ကြားသူကို ပြန်ပြီးဆက်သွယ်ဖို့ အပြည့်အစုံပါစေချင်ပါတယ်။ တိုင်ကြားသူရဲ့ လက်မှတ်လည်း ပါစေချင်တယ်။ လက်မှတ်မပါရင် တိုင်ကြားစာမဟုတ်ဘဲ ပစ်စာမျိုးဖြစ်သွားမှာ ဖြစ်ပါတယ်။ တချို့ကျတော့ ရှိသမျှဌာနပေါင်းစုံ လိပ်မူပြီး ပေးပို့တာမျိုးတွေရှိတယ်။ ဒါမျိုးကျ အားလုံး ညှိနှိုင်းပြီးမှ ဆောင်ရွက်ရပါတယ်❞

